# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
**Myanma Alinn Daily**


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)**


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၂၈၀)


# ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကျင်းပ

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၆

**၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရုံးအမှတ် (၁၆)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ ဦးသောင်းထွန်း၊ နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးလုကျော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သမဝါယမအသင်းစုဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ INGOs

*စာမျက်နှာ ၃ ကော်လံ ၁* ❋



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



**"ကမ္ဘာ့သမဝါယမများ အနေဖြင့် ၂၀၁၂ ခုနှစ် ကာလများက လူဦးရေသန်း ၁၀၀ ကျော်ကို ဝင်ငွေရရှိနိုင်သည့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ပြီး မျက်မှောက် ကာလတွင် လူဦးရေ ၂၇၉ သန်းကျော်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်နေပြီဖြစ်"**

## အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ကျင်းပလျက်ရှိသည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးမှ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်သတ်မှတ်

**နေပြည်တော် ဇူလိုင် ၆**

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO)၏ (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေး၌ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယနေ့ သတ်မှတ်လိုက်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ ယူနက်စကိုဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်ဇေယျ ဦးဆောင်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပုဂံကို ချစ်မြတ်နိုးသော လူပုဂ္ဂိုလ်များနှင့်အဖွဲ့များ တက်ရောက်ကြပြီး နှလုံးသားထဲကပုဂံ ခေတ်ပုံအနုပညာအဖွဲ့များကလည်း ၎င်းတို့စရိတ်ဖြင့် သွားရောက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ပူးပေါင်းကာ တက်ရောက်အားပေးခဲ့ကြသည်။

၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးမှ ပျူမြို့ဟောင်းသုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများအား မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ရာ ယခု ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍


**စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .**

**ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။**

မြန်မာ့အလင်း

# ကမ္ဘာ့အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်စို့

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့မှာ ကျင်းပသည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီက ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် ဆုံးဖြတ်သတ်မှတ်လိုက်ပါသည်။

ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေသည် သာသနိက အမွေအနှစ်များ၊ သမိုင်းအမွေအနှစ်များ၊ ယဉ်ကျေးမှု အမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝလှသော နယ်မြေအဖြစ် မြန်မာလူမျိုးတို့၏ ဂုဏ်ယူရသော အမျိုးသားအမွေအနှစ် ဒေသကြီးဖြစ်ပါသည်။ ပုဂံ၏ သာသနိကအဆောက်အအုံများ၏ ဗိသုကာလက်ရာများက အံ့မခန်း ထည်ဝါတင့်တယ်ပြီး လူမျိုးမရွေး နှစ်လိုလေးစားကြ၏။

ယခုအခါတွင်မူ ပုဂံသည် အမျိုးသားအမွေအနှစ်အဖြစ်သာမက ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ချေပြီ။ အမွေအနှစ်ဟူ၍ သတ်မှတ်ခြင်း၏ ရင်းမြစ်အဓိပ္ပာယ်ကား တန်ဖိုးထားမှု ဖြစ်၏။ ယဉ်ကျေးမှုမြင့်မားခြင်းဟု တန်ဖိုးထားခြင်း၊ အမျိုးသားအမွေများအဖြစ် တန်ဖိုးထားခြင်းတို့တွင် ထပ်ဆင့်တိုးကာ ကမ္ဘာကပါ တန်ဖိုးထားခြင်း ဖြစ်ပါသည်။

တန်ဖိုးထားတတ်ကြခြင်းဖြင့် အမွေအနှစ်များကို မပျက်မစီး ရအောင် ထိန်းသိမ်းစောင့်ရှောက်ကြ၏။ အမျိုးသားအမွေအနှစ်များကို အမျိုးသားရေး တန်ဖိုးထားမှုဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ သကဲ့သို့ ကမ္ဘာ့အမွေအနှစ်အဖြစ် ကမ္ဘာကပါ တန်ဖိုးထားကာ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်ပါသည်။ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် တန်ဖိုးထားတတ်ကြရန် အမျိုးသားရေးတာဝန်သာမက ကမ္ဘာ့တာဝန်ပါရှိလာခြင်းဟု ဆိုလျှင်လည်း ဆိုနိုင်မည် ဖြစ်ပါသည်။

မိဘ ဘိုးဘွားတို့၏ အမွေများကို တန်ဖိုးထားကာ ထိန်းသိမ်း စောင့်ရှောက်ခြင်းတွင် စိတ်စေတနာတစ်ခုတည်းဖြင့်မရ။ စည်းစနစ်တကျ မှန်မှန်ကန်ကန် ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်ပါသည်။ ဤနေရာတွင် အဓိကကျသည့် သော့ချက်မှာ ဘာကို ဘာကြောင့် ဘယ်လို တန်ဖိုးထားမလဲ ဆိုသည်ကို နားလည်ရန် ဖြစ်ပါမည်။

ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အခြေခံရခြင်းဖြစ်သည့်အားလျော်စွာ စနစ်တကျဖြစ်ရေးက လွန်စွာအရေးပါပါသည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များဆိုသည်က မိမိတို့၏ ဘိုးဘွားများ ဖန်တီးခဲ့ကြ၊ အစဉ်အဆက် တည်တံ့အောင် မပျက်စီးအောင် ထိန်းသိမ်းခဲ့ကြသည့် ရလဒ်များဟု ဆိုရပါမည်။

ဘိုးဘေးဘီဘင်တို့၏ ဖန်တီးတည်ဆောက်ခဲ့သည့် စေတီပုထိုး ဘုရားများ၊ နန်းတော်၊ ဘုန်းတော်ကြီးကျောင်း စသည့် အဆောက်အအုံများကလည်း ပုဂံဒေသတွင်သာမက မြန်မာတစ်နိုင်ငံလုံးအနှံ့ ရှိနေသည်။

ရှေးအတီတေက စတင်ရိုးစွဲလာခဲ့ကြသည့် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည့် ချစ်မြတ်နိုးဖွယ် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများကလည်း အများအပြား။ ထိုထိုသော အမွေအနှစ်များကို ဂုဏ်ယူ မြတ်နိုးတန်ဖိုးထားရင်း ပညာဉာဏ်နှင့် ယှဉ်သော ထိန်းသိမ်းမှုမျိုးဖြင့် စောင့်ရှောက်ကြရမည်မှာ ယနေ့ အမွေဆက်ခံထားသူတို့၏ တာဝန်ဖြစ်ချေ၏။

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသနှင့်အတူ မြန်မာ့အမျိုးသား အမွေအနှစ်များအဖြစ် တန်ဖိုးထားကြရမည့် ရွှေတိဂုံစေတီတော်ကြီး၊ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသ၊ အင်းလေးကန်၊ ကျိုက်ထီးရိုး၊ ကုသိုလ်တော်၊ ရွှေကျောင်းကြီး၊ ဗားဂရာကျောင်းကြီး၊ ကျုံးမြို့ရိုး၊ ဦးပိန်တံတား အစရှိသည့် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်က အမွေအနှစ်များ၊ ရန်ကုန်တက္ကသိုလ်၊ အင်းလျားကန်၊ သစ်ပုပ်ပင်၊ အတွင်းဝန်ရုံး၊ အစရှိသည့် မြန်မာနိုင်ငံတစ်ဝန်းရှိသော ကြွယ်ဝပေါများလှသည့် အမွေအနှစ်များကို တန်ဖိုးထားစိတ်ဖြင့် ရှုမြင်ကြရင်း ဉာဏ်ပညာနှင့် ယှဉ်သော ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုကြပါစို့ဟူ၍ ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်တန်ဖိုးထားမှု အမှတ်တရအဖြစ် ဂုဏ်ပြုနှိုးဆော်လိုက်ရပါကြောင်း။ ။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

UNFPA ICPD25

# ကမ္ဘာ့လူဦးရေနေ့

"ကတိကဝတ်များကို အရှိန်အဟုန်မြှင့်ပြည့်ဆည်းလို့ ၂၅ နှစ်မြောက် ICPD ကို ဂုဏ်ပြုစို့"

"25 Years of the ICPD: Accelerating the promise"

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ဗိုလ်ချုပ်ပြတိုက်သို့ လာရောက်လေ့လာသော ပြည်သူတို့အတွက် သောက်ရေဘူးများ ယခုနှစ်တွင်လည်း ဆက်လက်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း(ယခင်တာဝါလိန်းလမ်း)ရှိ ၂ ဒသမ၄၃၂ ဧကအကျယ်တွင် ၁၉၂၁ ခုနှစ်က အနောက်တိုင်းဗိသုကာဟန် ရောနှောတည်ဆောက်ထားသော ၂၀ ရာစု ဥရောပပုံစံသက်ဝင်နေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်မိသားစုနေထိုင်ခဲ့သော ဗိုလ်ချုပ်ပြတိုက်ကို ဇူလိုင် ၁၉ ရက်မှစ၍ သုံးရက်တိုင် ဖွင့်လှစ်ပြသမည်ဖြစ်ရာ လာရောက်ကြည့်ရှုကြသော ပြည်သူတို့အား ယမန်နှစ်ကကဲ့သို့ ရေသန့်ဘူးများ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်က ဖွင့်လှစ်ပြသခဲ့သော သုံးရက်တွင် ပြည်သူနှစ်သောင်းကျော် လာရောက်ကြည့်ရှုလေ့လာခဲ့ပြီး နိုင်ငံခြားသားများလည်း လာရောက်လေ့လာခဲ့ရာ အမျိုးသားပြတိုက်ဝန်ထမ်းများနှင့် ကုမ္ပဏီများက လာကြည့်ရှုလေ့လာကြသော ပြည်သူတို့အား ရေသန့်ဘူးများ ဝေငှ၍ ကုသိုလ်ယူခဲ့ကြပြီး ယခုနှစ် အာဇာနည်နေ့တွင်လည်း ရေသန့်ဘူးများ ဆက်လက်လှူဒါန်းမည်ဖြစ်ရာ အမျိုးသားပြတိုက်(ရန်ကုန်)လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုး ဖုန်း- ၀၉-၂၅၄၅၀၀၈၀၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ယခုနှစ်တွင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မိသားစုနေထိုင်ခဲ့သော ဧည့်ခန်းကို ထိုအချိန်ကပုံစံအတိုင်း ပြသမည့်အပြင် ပြုပြင်နေမှုကြောင့် ပိတ်ထားသော ပြတိုက်အပေါ်ထပ်ကိုလည်း တက်ရောက်ကြည့်ရှုခွင့်ရရှိမည် ဖြစ်သောကြောင့် ကြည့်ရှုသူများပြားနိုင်၍ ရေသန့်ဘူးများ ပိုမိုလှူဒါန်းခွင့်ရရှိမည် ဖြစ်သည်။

လာရောက်ကြည့်ရှုသူများတန်းစီ၍ ကြည့်ရှုရမည်ဖြစ်ရာ စောင့်ဆိုင်းနေစဉ် အတွင်းသောက်ရေအခက်အခဲမရှိစေရန် အလှူရှင်များလှူဒါန်းထားသော ရေသန့်ဘူးများကို ပေးဝေခြင်းဖြစ်ရာ ပြတိုက်ဝင်ပေါက်အနီးရှိ ဗိုလ်ချုပ်အောင်ဆန်းစီးခဲ့သော Wolseley ကားကို ကြည့်ရှုပြီးပါက ယခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံများပါရှိသော တံဆိပ်ခေါင်းများကို ပြသထားသည့်ဘုတ်များသို့ မကြည့်ရှုမီ အတက်လမ်းတွင် စစ်ဆေးပြီးဖြစ်သော ရေသန့်ဘူးများကို ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုရာ၌ ဝင်ပေါက်အနီး ကားဂိုဒေါင်အတွင်း ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဘုရင်ခံ၏အမှုဆောင်ကောင်စီ၌ ဒုတိယသဘာပတိရာထူးကို ဗိုလ်ချုပ်အောင်ဆန်းက လက်ခံပြီးနောက် မူလစီးနေသော ဂျစ်ကားအမှတ်(၆၆)အစား အင်္ဂလန်နိုင်ငံထုတ် Wolseley ကားကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင်ရရှိခဲ့၍ ဗိုလ်ချုပ်စီးခဲ့သောကားကို ဦးစွာကြည့်ရှုလေ့လာခွင့် ရရှိမည်ဖြစ်သည်။

ယမန်နှစ်ထက် ကြည့်ရှုသူများပြားနိုင်သောကြောင့် ရေသန့်ဘူးများကို ယမန်နှစ်ကဲ့သို့ လှူဒါန်းသွားမည်ဖြစ်ပြီး အလှူရှင်များလည်း ကုသိုလ်ယူနိုင်ကြောင်း ဗိုလ်ချုပ်ပြတိုက်မှ သိရသည်။

သန်းထိုက်

# ရေဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ရေစကြိုမြို့နယ် ကွေ့ထောင့်ကျေးရွာ အမက(၃၉) စိုးရိမ်ရသည့် အခြေအနေရောက်ရှိလာ

ရေစကြို ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကွေ့ထောင့်ကျေးရွာ အမှတ် ၃၉၊ အခြေခံပညာမူတန်းကျောင်းသည် ရေဝတီမြစ်ရေတိုက်စားမှုကြောင့် ကျောင်းနှင့် ပေ ၁၇၀ အကွာသို့ ရောက်ရှိလာကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သွဲ့သွဲ့မြင့်ထံမှ သိရသည်။

အဆိုပါ ကွေ့ထောင့်ကျေးရွာသည် ယခုနှစ် ရေဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ထောင်စု ၃၃ စု၊ အိမ်ပေါင်း ၂၇ အိမ် ရွှေ့ပြောင်းခဲ့ရပြီး ရွာဦးသာသနာ့ဝေပုလ္လကျောင်းတော်ကြီးနှင့် သိမ်ကျောင်းဆောင်တို့ကို အရေးပေါ် ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။ အဆိုပါ ဘုန်းတော်ကြီးကျောင်းနှင့် အမှတ်(၃၉) အခြေခံပညာမူလတန်းကျောင်း **(အပေါ်ပုံ)**သည် လမ်းတစ်ခုသာခြားကြောင်း၊ ရေဝတီမြစ်ရေတိုက်စားမှုမှာလည်း မြစ်ကမ်းပါးပြိုကျမှု မြန်ဆန်စွာ ပြိုကျနေခြင်းကြောင့် စာသင်ကျောင်းအတွက် စိုးရိမ်ရကြောင်း၊ ထိုစာသင်ကျောင်းဆောင်သည် စတင်ဆောက်လုပ်စဉ်က ရေဝတီမြစ်ကမ်းပါးနှင့်



ပေ ၇၀၀ ကျော်ဝေးကြောင်း၊ ပေ(၆၀× ၃၀)၊ RC နှစ်ထပ်ဆောင်၊ ပေ ၂၀ ပတ်လည် စာသင်ဆောင်ဖြစ်ကြောင်း၊ ရေတက်ချိန်တွင် ကျောင်းအောက်ထပ် စာသင်မရဘဲ၊ ရေကျချိန်မှသာ ကျောင်းအောက်ထပ်စာသင်ရကြောင်း သိရပြီး အပေါ်ထပ်၊ အောက်ထပ် ပေ ၂၀ ပတ်လည် ခြောက်ခန်း ပါဝင်ကြောင်း ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင် ဦးထွန်းမြင့်က ရှင်းပြသည်။

ကွေ့ထောင့်ကျေးရွာသည် မြစ်ကမ်းပါးပြိုကျမှုကြောင့် အကြိမ်ကြိမ် ရွှေ့ပြောင်းနေရသည့် ကျေးရွာတစ်ရွာဖြစ်ကာ ၂၀၁၆ ခုနှစ်မှ မြစ်ကမ်းပါးပြိုကျလာခဲ့ရာ အိမ်ခြေ ၇၀ ကျော် ပြောင်းရွှေ့ခဲ့ရပြီဖြစ်ကြောင်းနှင့် ရွာလုံးကျွတ်ပြောင်းရွှေ့ခဲ့ရသည်မှာ ခြောက်ကြိမ် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ အမှတ်(၃၉) အခြေခံ ပညာ မူလတန်းကျောင်းနှင့် ပေ ၁၇၀ အကွာခန့် ရောက်ရှိနေပြီဖြစ်ကြောင်း ဦးထွန်းမြင့်က ပြောသည်။

ယခုအခါ ရေဝတီမြစ်ရေတက်ချိန်ဖြစ်သော်လည်း မြို့နယ် ရေအရင်းမြစ်နှင့်မြစ်ကြောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနက ရေတက်ချိန်ရေဝတီမြစ်ကမ်းပါးပြိုကျမှုသက်သာစေရန်အတွက် မြစ်ကမ်းပါးကမ်းတစ်လျှောက် ဝိတ်လျှော့ကျစေရန် ပေ ၂၀ ပတ်လည်ရှိ မြစ်ကမ်းပါးဝိတ်ပိစေမည့် အပင်များ ရှင်းလင်း၍ သံမဏိကြိုးတန်းများ ချကာ ကမ်းပြိုသက်သာစေရေး စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

# လုံ့လဝီရိယ လျှော့လို့မဖြစ်



ခြသေ့်မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်၌ ပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

❋ ရှေ့ဖုံးမှ

အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သမဝါယမအသင်းသူ အသင်းသားများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို သမဝါယမဦးစီးဌာန ရုံးရှေ့မျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ တေးသံရှင် စောဖိုးခွား၏ "နှလုံးအိမ်ထက်က သက်တံ့ရောင်" သမဝါယမ တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

### ICA အဖွဲ့ဝင်အဖြစ် ဝင်ရောက်

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာတွင် နိုင်ငံတကာရှိ သမဝါယမအသင်းများ အချင်းချင်းချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Cooperative Alliance - ICA) ကို ၁၈၉၅ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့ပါကြောင်း၊ သမဝါယမဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ဗဟိုသမဝါယမအသင်းလီမိတက်သည် ၁၉၉၃ ခုနှစ်တွင် ICA အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ ICA အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း။

၁၉၉၄ ခုနှစ်တွင် ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ်ဇူလိုင်လ ပထမပတ်စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ချက်အရ နှစ်စဉ်ဇူလိုင်လပထမပတ် စနေနေ့တွင် ကမ္ဘာအရပ်ရပ်ရှိ သမဝါယမအဖွဲ့အစည်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို နိုင်ငံအလိုက်ကျင်းပခဲ့ကြရာ ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် မြန်မာနိုင်ငံ၌ (၂၅)ကြိမ်မြောက် ကျင်းပပြုလုပ်သည့် အခမ်းအနားဖြစ်ပါကြောင်း။

### တိုက်တွန်းနှိုးဆော်ထား

ယခုနှစ်အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဆောင်ပုဒ်ဖြစ်သည့် "Inclusive Development and Decent Work- အားလုံးပါဝင်သော ဖွံ့ဖြိုးမှုတွင် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ဖော်ဆောင်ပေးရေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သမဝါယမအသင်းအဖွဲ့များအနေဖြင့် အသင်းဝင်အချင်းချင်း၊ အသင်းအချင်းချင်း အလျားလိုက်၊ ဒေါင်လိုက်အချိတ်အဆက်မိမိ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်အတွင်း တရားမျှတမှုရှိသည့် လူမှုအသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာရေး၊ လက်ရှိအလုပ်အကိုင်များ ခန့်ထားပေးနိုင်မှုကို တည်မြဲစေရန် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေး၊ ကောင်းမွန်သည့်အလုပ်အကိုင်များ ဖန်တီးပေးရာတွင် အားပေးမြှင့်တင်ဆောင်ရွက်ပေးရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒီမိုကရေစီနည်းလမ်းဖြင့် စနစ်တကျ အဓိကဦးစားပေး ထိန်းချုပ်ဖော်ဆောင်ပေးလျက်ရှိသည့် ပြည်သူ့ဗဟိုပြုသမဝါယမလုပ်ငန်းများဖြစ်ကြောင်း အများပြည်သူသိမြင်နိုင်စေရေးကို အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးက တိုက်တွန်းနှိုးဆော်ထားပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားသည့် ၂၀၃၀ ခုနှစ်အထိ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် (၁၇) ရပ်ကို ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်အနေဖြင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် (၈)တွင် ပါရှိသည့် "Inclusive Development and Decent Work- အားလုံးပါဝင်သော ဖွံ့ဖြိုးမှုတွင်သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ဖော်ဆောင်ပေးရေး"ကို သိသာပေါ်လွင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့သမဝါယမအသင်းအဖွဲ့များကို တိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

### အကူအညီအထောက်အပံ့ တိုးမြှင့်

အဆိုပါ ပန်းတိုင်(၈)ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအလိုက် တစ်ဦးကျဝင်ငွေတိုးတက်မှုနှုန်း စဉ်ဆက်မပြတ်ထိန်းသိမ်းရေး၊ ထုတ်ကုန်ထုတ်လုပ်သည့်ကဏ္ဍနှင့် လုပ်သားအင်အားအသုံးပြုလုပ်ဆောင်သည့်ကဏ္ဍများ အလေးပေးဆောင်ရွက်ရေး၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး၊ စီးပွားရေးစွန့်စားလိုစိတ်၊ ဖန်တီးတီထွင်နိုင်စွမ်းနှင့် ပြုပြင်ပြောင်းလဲလိုမှုများကို အားပေးမည့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ အားပေးမြှင့်တင်ရေး၊ ၂၀၃၀ ခုနှစ်တွင် လူငယ်များနှင့် မသန်စွမ်းသူများအပါအဝင် အမျိုးသမီးများနှင့် အမျိုးသားများ အားလုံး အလုပ်အကိုင်အပြည့်အဝရရှိရေးနှင့် တူညီသည့်အလုပ်အတွက် တူညီသည့်လုပ်ခလစာရရှိရေး၊ ကလေးလုပ်သားများကို အတင်းအဓမ္မခိုင်းစေခြင်းများအဆုံးသတ်ရေး၊ အလုပ်သမားအားလုံးအတွက် လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုတိုးမြှင့်ရေးနှင့် လုပ်သားအခွင့်အရေးများ ကာကွယ်ပေးရေး၊ ၂၀၃၀ ခုနှစ်တွင် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည့်မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှု အားကောင်းလာစေရေး၊ ကုန်သွယ်ရေးဆိုင်ရာ အကူအညီအထောက်အပံ့ တိုးမြှင့်ရေး တို့ကို ဦးစားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

### စိန်ခေါ်မှုများ နေ့စဉ်ကြုံတွေ့နေရ

ယနေ့ကမ္ဘာတွင် ဆင်းရဲချမ်းသာကွာဟချက်များ၊ လူမှုရေးနှင့်စီးပွားရေး မညီမျှမှုများကို စိန်ခေါ်မှုများအဖြစ် နေ့စဉ်ကြုံတွေ့နေရပါကြောင်း၊ စစ်မက်ဖြစ်ပွားမှု၊ အစားအစာ ငတ်မွတ်ခေါင်းပါးမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုနှင့် သဘာဝဘေးဆိုးများ ကျရောက်မှု၊ ရောဂါဆိုးဖြစ်ပွားမှု၊ လူကုန်ကူးမှု စသည့်များစွာသော ပြဿနာများကိုလည်း ရင်ဆိုင်နေကြရပါကြောင်း၊ ထိုသို့သော မညီမျှမှုများနှင့် ပဋိပက္ခစိန်ခေါ်မှုများ လျော့ပါးသက်သာစေရေးအတွက် သမဝါယမအသင်းအဖွဲ့များအနေဖြင့်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ရန် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### အလုပ်အကိုင်များ ဖန်တီးပေးနိုင်

ကမ္ဘာ့သမဝါယမများ အနေဖြင့် ၂၀၁၂ ခုနှစ်ကာလများက လူဦးရေသန်း ၁၀၀ ကျော်ကို ဝင်ငွေရရှိနိုင်သည့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ပြီး မျက်မှောက်ကာလတွင် လူဦးရေ ၂၇၉ သန်းကျော်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်နေပြီ ဖြစ်ပါကြောင်း။

မြန်မာ့သမဝါယမကဏ္ဍအနေဖြင့်လည်း ကျေးလက်နေအသင်းသားတောင်သူများအတွက် ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများကို လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိပြီး လက်ရှိရရှိထားသည့် အောင်မြင်မှုအရှိန်အဟုန်အတိုင်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

*စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ယနေ့ အခမ်းအနားနှင့်အတူ (၁၁)ကြိမ်မြောက်အတွက် တာဝန်ကျေပြန်လည်ပေးဆပ်ပြီးသည့် စိုက်ပျိုးရေး သမဝါယမ အသင်းသားများအတွက် (၁၂)ကြိမ်မြောက်အဖြစ် အသေးစား အရင်းအနှီးချေးငွေကျပ် ၂၁၁ ဒသမ ၉၉၂ ဘီလီယံ၊ စက်မှုလယ်ယာစနစ်သို့ အဆင့်မြှင့်တင်ရန် လယ်ဧက ၃၇၅၃ ဧကအတွက် ချေးငွေကျပ် ၁ ဒသမ ၁၁၀ ဘီလီယံနှင့် မျိုးစေ့ထုတ် သမဝါယမအသင်းများသို့ ချေးငွေကျပ် ၀ ဒသမ ၁၃၄ ဘီလီယံတို့ကို ဗဟိုသမဝါယမအသင်းမှ တစ်ဆင့် အသင်းစုချုပ်များသို့ ချေးငွေများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေများကို သက်ဆိုင်ရာတိုင်း ဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ သမဝါယမ အသင်းသားများသို့ အသင်းအဆင့်ဆင့် လမ်းကြောင်းမှတစ်ဆင့် စနစ်တကျ အမြန်ဆုံး ဆက်လက်ထုတ်ချေးပေးသွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**အထောက်အကူပြု**

လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များတွင် သမဝါယမကဏ္ဍအနေဖြင့် ယခုကဲ့သို့ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေပါကြောင်း၊ ယနေ့ကမ္ဘာ့နိုင်ငံများရှိ သမဝါယမလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်ပြီး သက်ဆိုင်ရာ နိုင်ငံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိနေသည်ကို တွေ့မြင်ကြားသိရပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍများတွင် သမဝါယမအသင်းများအနေဖြင့် ယခုလက်ရှိအနေအထားထက် ပိုမိုလုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းနှင့် လယ်ယာအထောက်အကူပြုဝန်ဆောင်မှုသမဝါယမအသင်းတို့အနေဖြင့် လယ်ယာသွင်းအားစုများ ရောင်းချခြင်းလုပ်ငန်းကို တောင်သူများ၏ ဆန္ဒနှင့်အညီ တိုးချဲ့ဖွဲ့စည်းသွားကြရန်နှင့် လယ်ယာထုတ်ကုန်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေး ကွင်းဆက်တစ်လျှောက်တတ်နိုင်သည့်အပိုင်းတွင် သမဝါယမအသင်းများအနေဖြင့် ကူညီပံ့ပိုးဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**စနစ်တကျဦးစားပေး**

လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ကြိုးပမ်း ဆောင်ရွက်နေသည့်ကာလတွင် မြန်မာ့သမဝါယမအသင်းအဖွဲ့များအနေဖြင့် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်ငန်းခွင်အတွင်း တရားမျှတမှုရှိသည့် လူမှုအသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာရေး၊ လက်ရှိအလုပ်အကိုင်များ ခန့်ထားပေးနိုင်မှုကို တည်မြဲစေရန် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေး၊ ကောင်းမွန်သည့်အလုပ်အကိုင်များ ဖန်တီးပေးရာတွင် အားပေးမြှင့်တင်ဆောင်ရွက်ပေးရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒီမိုကရေစီနည်းလမ်းဖြင့် စနစ်တကျဦးစားပေး ပူးပေါင်းပါဝင် ဖြည့်ဆည်းဆောင်ရွက်ကြပါဟု တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် ဗဟိုသမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာတိုးနန္ဒာတင်က အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ နိုင်သက်လွင်နှင့် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်တို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အသေးစား အရင်းအနှီးချေးငွေများ၊ မျိုးစေ့ထုတ်လုပ်ငန်းနှင့် လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတို့အတွက် ချေးငွေများ၊ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်အမြင့်မားဆုံး ဆုရ သမဝါယမအသင်းစုချုပ်များ၊ မြို့နယ်သမဝါယမအသင်းစုများ၊ ကုန်ထုတ်/ဝန်ဆောင်/ကုန်သွယ်မှုလုပ်ငန်းများတွင် အမြင့်မားဆုံး စွမ်းဆောင်နိုင်သည့် သမဝါယမအသင်းများနှင့် ဘက်စုံထူးချွန်ဆုရ သမဝါယမအသင်းများ၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများမှ ဆုရရှိကြသည့် ပြခန်းများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ (၁၂) ကြိမ်မြောက် ထုတ်ချေးငွေအဖြစ် အသေးစားအရင်းအနှီး ချေးငွေပေးအပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

# ကျောက်ပန်းတောင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူကလေးငယ်များအား ပဲနို့အာဟာရတိုက်ကျွေးလှူဒါန်းခြင်း စီမံချက်စတင်ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ နဒီရွှေဝါကုမ္ပဏီ မိသားစုက လှူဒါန်းသည့် ပဲကုန်ကြမ်းသန့်စင်ကြိတ်ခွဲစက်အား ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

နေပြည်တော် ဇူလိုင် ၆

**ရွှေပါရမီ ပဲနို့အာဟာရဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံတစ်ဝန်း ကျောင်းသား ကျောင်းသူကလေးငယ်များအား ပဲနို့အာဟာရတိုက်ကျွေးခြင်း စီမံချက်အရ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းပေါင်း ၂၉၃ ကျောင်း၌ စီမံချက်စတင်ခြင်းအထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျောက်ပန်းတောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ရွှေနဒီဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်းအတွင်း ရွှေပါရမီပဲနို့အာဟာရ ဖောင်ဒေးရှင်းသို့ ဦးစိုးသိန်း - ဒေါ်ဆင်နု (နဒီရွှေဝါကုမ္ပဏီ) မိသားစုက လှူဒါန်းခဲ့သည့် ပဲကုန်ကြမ်း သန့်စင်ကြိတ်ခွဲစက်အား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတစ်ဦးက ပဲနို့ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြသသည်။

**ဝါးပင်မျိုးစုံစိုက်ပျိုးပေး**

ထို့နောက် ရွှေပါရမီပဲနို့အာဟာရ ဖောင်ဒေးရှင်း၏ ကျောက်ပန်းတောင်း မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူကလေးငယ်များအား ပဲနို့ အာဟာရ တိုက်ကျွေးလှူဒါန်းခြင်း စီမံချက်စတင်ခြင်း အထိမ်းအမှတ်နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့က ဝါးပင်မျိုးစုံကို အဆိုပါကျောင်းဝင်း အတွင်း သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ရွှေပါရမီပဲနို့အာဟာရ ဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံတစ်ဝန်း ကျောင်းသား ကျောင်းသူ ကလေးငယ်များအား ပဲနို့အာဟာရတိုက်ကျွေးခြင်း စီမံချက်အရ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၉၃ ကျောင်းမှ ကျောင်းသား ကျောင်းသူ ကလေးငယ် ၃၀၀၀၀ ကျော်အား ပဲနို့ အာဟာရတိုက်ကျွေးနိုင်ရေး အခမ်းအနားကို ကျောက်ပန်းတောင်းမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကလေးငယ်များအား ပဲနို့အာဟာရ တိုက်ကျွေးခြင်းသည် ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းရန်နှင့် ဦးနှောက်ဖွံ့ဖြိုး တိုးတက်ရန်အတွက် အထောက်အကူပြုပါကြောင်း၊ အသက် (၈)နှစ်အရွယ်အထိ ကလေးငယ်များအားလုံး ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ရန်နှင့် ဦးနှောက်ဖွံ့ဖြိုး တိုးတက်ရန်အတွက် နိုင်ငံတိုင်းတွင် အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံအားပေး ဆောင်ရွက်နေချိန်လည်း ဖြစ်ကြောင်း၊ ယနေ့ကျောက်ပန်းတောင်းမြို့၌ ပဲနို့ အာဟာရတိုက်ကျွေးခြင်း စီမံချက် လုပ်ငန်းအဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်ကြသော အလှူရှင်များ၊ အဖွဲ့အစည်းများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ကော်မတီများ ဖွဲ့စည်းဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရှေးဦးအရွယ် ကလေးဆိုသည်မှာ မွေးစမှ အသက်(၈) နှစ်အထိ ကလေးငယ်များအားလုံး အကျုံးဝင်ပါကြောင်း၊ ကလေးငယ်များ တွင် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက် ခွင့်၊ ပါဝင်ခွင့်နှင့် ကာကွယ်စောင့်ရှောက် ခံပိုင်ခွင့်များရှိပါကြောင်း၊ ထိုအခွင့်အရေး များကို ဖော်ဆောင်ပေးနိုင်ရန် ရှေးဦး အရွယ် ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကလေး သူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဖော်ဆောင် ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စု နယ်မြေ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီများ ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကော်မတီများက စနစ်တကျကြီးကြပ် ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝ ဖော်ဆောင်ရန် မိဘများ၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ လူမှုအဖွဲ့အစည်းများ နှင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ် ထားသော လူမှုကာကွယ်စောင့်ရှောက် ရေး မဟာဗျူဟာစီမံကိန်း (၈)ရပ်တွင် ကျောင်းတွင်း အာဟာရတိုက်ကျွေးခြင်း လုပ်ငန်းစဉ်ပါဝင်ကြောင်း၊ ယခု အခမ်း အနားသည် ထိုလုပ်ငန်းစဉ်အရ အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ယခုအခမ်းအနားတွင် အစိုးရ၊ လွှတ်တော်၊ လူမှုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ပြည်သူများ စုံညီစွာပါရှိသည့်အတွက် ဝန်ကြီးဌာန၏ ရည်မှန်းချက်အောင်မြင် ပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ပေး ကြသူအားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် က မန္တလေးတိုင်းဒေသကြီး အစိုးရအနေဖြင့် နို့တိုက်ကျွေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ကျောက်ပန်းတောင်းမြို့နယ်ရှိ အခြေခံ ပညာကျောင်းပေါင်း ၂၉၃ ကျောင်းကို ပဲနို့အာဟာရတိုက်ကျွေးနိုင်ရေး ဆောင် ရွက်ပေးခြင်းအတွက် ကျေးဇူးတင် ပါကြောင်းနှင့် ရေရှည်တည်တံ့နိုင်ရေး အတွက် အားလုံးပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပြောကြားသည်။

**ပဲနို့အာဟာရ တိုက်ကျွေး**

ဆက်လက်၍ ရွှေပါရမီပဲနို့အာဟာရ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပဲနို့ အာဟာရ၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြ သော ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော်အား ပဲနို့အာဟာရကို တိုက်ကျွေး ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး





ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ရန်ကုန် ဇူလိုင် ၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀)မှ တာဝန်ယူ တည်ဆောက်နေသော ဆားသလင်း-ဒါးပိန်-ကျွဲကူးဆိပ်လမ်းနှင့် သပြု-ရှမ်းကံ-ကဝလမ်းအား ဆက်သွယ်မည့် ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြု) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်ဝင်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဆောင်ရွက်ပြီး လုပ်ငန်းအခြေအနေ၊ P1 Bored Pile S.I.T စမ်းသပ်နေမှု၊ P2 Cap လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ P1 Cap လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးသန်းတိုးအောင်က တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တံတားအရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများကို ပါဝင် ဆောင်ရွက်သည့် ဟောင်ကောင် အခြေစိုက် MAA Third Party ပညာရှင်အဖွဲ့နှင့် တွေ့ဆုံပြီး တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင် အတွင်း ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှု Pile Cap လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပဲခူးမြစ်ကူးတံတား(ဒါးပိန်-သပြု) သည် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးကို ပေါင်းကူးပေးသည့် ဆားသလင်း-ဒါးပိန်-ကျွဲကူးဆိပ်လမ်းနှင့် သပြု-ရှမ်းကံ-ကဝလမ်းကို ဆက်သွယ်သည့် လမ်းပေါ်တွင်တည်ရှိပြီး တံတား အမျိုးအစားမှာ သံကူကွန်ကရစ်အုတ်မြစ်၊ ကိုယ်ထည်နှင့် 1.2 m 0 Bored Pile Foundation တို့ဖြင့် တည်ဆောက်ထားကာ တံတားအရှည် ၃၂၀ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းအကျယ် တစ်မီတာ ပါရှိပြီး တံတား၏ ခံနိုင်ဝန်မှာ H.S.25-44 (Load Class) ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် အမှတ်(၂) လမ်းမကြီး ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (ရန်ကုန်-ပဲခူး)အပိုင်း ပြုပြင်ထိန်းသိမ်း ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှု စစ်ဆေးပြီး ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ် တို့အား တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြား ရေးမှူး(မြို့ပြ) ဦးကျော်မျိုးက တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင် ရွက်ထားရှိမှု အခြေအနေကို လည်း ကောင်း၊ ပဲခူးတိုင်းဒေသကြီး ညွှန်ကြား ရေးမှူး(မြို့ပြ) ဦးဇော်ထွန်းက ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ လမ်း၊ တံတားလုပ်ငန်း များ ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေး ၏ ဖြည့်စွက်ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး တံတားဘိုးပိုင်လုပ်ငန်းများ၊ ကမ်းကပ်ခုံ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်ချက်များ မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ အရှည် ပေ ၂၆၀ သနပ်ပင်-မင်းရွာကျောင်းစု ကွန်ကရစ် တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ယာယီလုပ်ငန်းခွင်ရှင်းလင်း ဆောင်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ တိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာနှင့် လွှတ်တော်ကိုယ်စား လှယ်များက တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များမှာကြားပြီး တံတား တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် တံတားဦးစီးဌာန၊ တံတား အထူးအဖွဲ့(၉)မှ တည်ဆောက်နေသော ကဝမြို့ရှောင်လမ်းပေါ်ရှိ ပဲခူးမြစ်ကူး တံတား (ကဝ) တည်ဆောက်ရေးလုပ်ငန်း ခွင်သို့ ရောက်ရှိပြီး တံတားတိုင်လုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှု ၊ ကမ်းကပ်ခုံနှင့် P5 ကြား ကွန်ကရစ်ရက်မ သွန်းလောင်း နေမှု၊ တံတားချဉ်းကပ်လမ်းဆောင်ရွက် နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပဲခူးမြစ်ကူးတံတား (ကဝ)သည် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကဝ မြို့ရှောင်လမ်းပေါ်တွင် တည်ရှိပြီး တံတား အရှည် ပေ ၆၀၀ ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ နှစ်လမ်းသွားနှင့် လူသွား လမ်းတစ်ဖက်လျှင် ၃ ပေစီပါရှိပြီး ယာဉ် တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဂုဏ်ပြုဆောင်းပါး

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ပြီ

ကောင်းမွန်

**နိဒါန်း**

မြန်မာနိုင်ငံ တစ်နံတစ်လျား၌ ပေါကြွယ်ဝလှသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များကို တွေ့မြင်ကြရမည်ဖြစ်သည်။ ခေတ်အဆက်ဆက် သမိုင်းကြောင်းတစ်လျှောက် ဘိုးဘွားတို့တည်ထောင်ခဲ့သည့် စေတီပုထိုး၊ သာသနိကအဆောက်အအုံများ၊ နန်းတော်ဟောင်းများ၊ မြို့တော်ဟောင်းများ၊ လူမှုရေးအဆောက်အအုံများ စသည့် ယဉ်ကျေးမှုအမွေအနှစ်များကို နေရာအနှံ့ တွေ့မြင်နိုင်ပါသည်။ ယင်းတို့အနက် ပုဂံဒေသ၊ ပျူဒေသများနှင့် မြောက်ဦးဒေသတို့သည် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည့်စုံသည့်ဒေသများ ပင်ဖြစ်ကြသည်။

**ပုဂံနှင့် တုနှိုင်းမဲ့တန်ဖိုး**

ပုဂံသည် မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌တည်ရှိပြီး စေတီပုထိုးများစွာ၊ သမိုင်းဝင်အမွေအနှစ်များစွာတည်ရှိသည့် ဒေသတစ်ခုဖြစ်သည်။ ပုဂံသည် ပထမမြန်မာနိုင်ငံတော်အဖြစ် စတင်ထူထောင်ခဲ့သည့် ပုဂံခေတ်တွင် ဗုဒ္ဓဘာသာဝင်တို့၏ အကြီးမားဆုံးအင်ပါယာတစ်ခုဖြစ်ခဲ့ပြီး အခြားဒေသများနှင့် စီးပွားရေး၊ လူမှုနိုင်ငံရေးနှင့် ယဉ်ကျေးမှုတို့ဖလှယ်ရာ အဓိကဒေသတစ်ခု ဖြစ်ခဲ့ပါသည်။ ခရစ်နှစ် (၁၁) ရာစုမှ (၁၃) ရာစု ပုဂံခေတ်အတွင်း ယင်းဒေသသည် ဘာသာရေးဆိုင်ရာ အဓိကကျသည့် နေရာတစ်ခုဖြစ်ခဲ့ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့တစ်ခုဖြစ်သည့် ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းသည် ပုဂံခေတ်တည်ထောင်ရာတွင် အကြီးမားဆုံးအင်အားတစ်ခုဖြစ်ခဲ့ပါသည်။ ပုဂံခေတ်တွင် ထက်သန်လှသည့် သဒ္ဓါတရားကိုအခြေခံလျက် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းဓလေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ယဉ်ကျေးမှုနှင့် ပေါင်းစည်းမိပြီး ယနေ့ခေတ် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ အဓိကဓလေ့တစ်ရပ်အဖြစ် ဆက်လက်တည်ရှိဆဲဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်မြန်မာတို့ ကုသိုလ်ကောင်းမှုပြုလုပ်ရာတွင် သံဃာတော်များအား လှူဒါန်းခြင်း၊ ပွဲတော်များ၊ အခမ်းအနားများကို ရိုးရာဓလေ့နှင့်အညီ ကျင်းပခြင်း၊ စေတီပုထိုးစသည့် သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်ကြပါသည်။

ပုဂံခေတ်တွင် ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ယုံကြည်မှုထွန်းကားခဲ့ရာ ထေရဝါဒဗုဒ္ဓဘာသာသည် ပြောင်းလဲခဲ့သည့် ခေတ်အလိုက် လူမျိုးတစ်မျိုး၏ ဘာသာတရား၊ တရားဥပဒေနှင့် အုပ်ချုပ်မှုပုံစံများကို ဆက်လက်ထိန်းသိမ်းခဲ့ကြပါသည်။ ပုဂံဒေသ၌ စေတီပုထိုးများ၊ ဘုရားကျောင်းကန်များ၊ ဘုန်းကြီးကျောင်းများ၊ သိမ်များ၊ နန်းတော်ပရိဝုဏ်နှင့် ခံတပ်များ စသည့် သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံများ၊ ရေစီမံခန့်ခွဲမှုဆိုင်ရာ အင်္ဂါရပ်များမှာ ဆက်လက်ရှင်သန် ကျန်ရှိဆဲဖြစ်ပါသည်။ ရှင်သန်နေသည့် ဗုဒ္ဓဘာသာဓလေ့ ထုံးတမ်းယဉ်ကျေးမှုတို့သည် ပုဂံဒေသခံလူမှုအသိုက်အဝန်း၏ နေ့စဉ်လူနေမှုဘဝတွင် ယနေ့တိုင် စိမ့်ဝင်ပျံ့နှံ့လျက်ရှိပါသည်။




**ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် နိုင်ငံတော်အစိုးရ၏ အားထုတ်ကြိုးပမ်းချက်များ**

ပုဂံဒေသအား လွန်ခဲ့သည့်အနှစ် (၂၀) ကျော်ခန့်က ကမ္ဘာ့အမွေအနှစ် စာရင်းသွင်းရန် ကနဦးကြိုးပမ်းခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာရင်းသွင်းရေးလုပ်ငန်းမှာ ရပ်တန့်နေခဲ့သည်။ လက်ရှိအစိုးရအဖွဲ့ တာဝန်ယူပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကော်မတီများကို ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

**အဆိုပြုစာတွဲ (မူကြမ်း) တင်သွင်းမှုလုပ်ငန်းစဉ်**

ပုဂံဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသွင်းနိုင်ရေး ဆောင်ရွက်ရာတွင် ကျယ်ဝန်းလှပသည့် ရှုခင်း၊ ဧရာဝတီမြစ်နှင့် တောင်ကုန်းလွင်ပြင်များဖြင့် ပုဂံဒေသကို အနားသတ်ထားပြီး ရှေးခေတ်ပုဂံဒေသ၏ နယ်နိမိတ်ကို ပုဂံစတင်တည်ထောင်စဉ်က ပါဝင်ခဲ့သည့် ထောင့် (၄) ထောင့်ရှိ စွယ်တော်စေတီ (၄) ဆူဖြင့် သတ်မှတ်ထားပါသည်။

ပုဂံဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသွင်းနိုင်ရေးအတွက် ရေးသားပြုစုထားသည့် အဆိုပြုစာတွဲ (မူကြမ်း) နှင့် နောက်ဆက်တွဲများ (မူကြမ်း) တို့ကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပါရီမြို့အခြေစိုက် ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှတစ်ဆင့် ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနသို့ ပေးပို့ခဲ့ပါသည်။ ယင်းမူကြမ်းအဆင့်၌ ရေရှည်စီမံခန့်ခွဲမှု အစီအစဉ်များကို ပေးပို့ခြင်းမရှိသေးဘဲ အဆိုပြုစာတွဲ (မူကြမ်း) အပိုင်း (၁)၊ အပိုင်း (၂) နောက်ဆက်တွဲ (မူကြမ်း) နှင့် အပိုင်း (၄) နောက်ဆက်တွဲ - စုစည်းထားသည့် မြေပုံများဟူ၍ အပိုင်း (၃) ပိုင်းကိုသာ ပေးပို့ခဲ့ရပါသည်။

ယင်းမူကြမ်းတင်သွင်းမှုအဆင့်၌ ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနအနေဖြင့် မူကြမ်းများကို အကြမ်းဖျင်းဖတ်ရှုခြင်း၊ မြေပုံများကို သတ်မှတ်ချက်ပြည့်စုံမှုနှင့် ကိုက်ညီမှု ရှိ- မရှိတို့ကို ဦးစားပေးစိစစ်ခြင်း ဆောင်ရွက်ပါသည်။

ပုဂံဒေသဆိုင်ရာ အဆိုပြုစာတွဲ (မူကြမ်း) တင်သွင်းခဲ့ပြီးနောက် မူကြမ်းပါခေါင်းစဉ်များအတွက် ပိုမိုပြည့်စုံတိကျသော ဖော်ပြချက်များကို အဆိုပြုစာတွဲရေးသားရေးအဖွဲ့မှ ပညာရှင်များက ၎င်းတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် ဆက်လက်ရေးသားခဲ့ကြပါသည်။

မြန်မာနိုင်ငံမှ ပေးပို့ထားသည့် အဆိုပြုစာတွဲများကို ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနက ပဏာမဆန်းစစ်ခဲ့ပြီးနောက် လေ့လာတွေ့ရှိချက်၊ မှတ်ချက်များနှင့် မြေပုံလိုအပ်ချက်အချို့ တို့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလဆန်းပိုင်းတွင် ကမ္ဘာ့အမွေအနှစ်ဗဟိုဌာန၊ ညွှန်ကြားရေးမှူးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အကြံပြုခဲ့ပါသည်။ ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနမှ အကြံပြုချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့များက ပြင်ဆင်/ဖြည့်စွက်မှုများ ဆောင်ရွက်ခဲ့ကြပါသည်။

တစ်ချိန်တည်းမှာပင် ကမ္ဘာ့အမွေအနှစ်အဆိုပြု ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက် သက်ဆိုင်ရာနိုင်ငံက ဆက်လက်ဆောင်ရွက်ရမည့် ရေရှည်စီမံခန့်ခွဲမှု အစီအစဉ်များနှင့် ဘက်စုံရေရှည်စီမံချက်များကိုပြုစု၍ ဒေသခံများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိရေးအတွက် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့အမွေအနှစ် အဆိုပြုစာတွဲကို ယူနက်စကိုကျွမ်းကျင်ပညာရှင် မစ္စတာ ဒန်ကင်ကလည်းကောင်း၊ ရေရှည်စီမံခန့်ခွဲမှုအစီအစဉ်များကို ယူနက်စကိုကျွမ်းကျင်ပညာရှင် မစ္စတာ ကိုင်ဝိုက်စ်က လည်းကောင်း ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင် ရေးဆွဲခဲ့ကြပါသည်။ ဘက်စုံလွှမ်းခြုံသော စီမံကိန်းကိုမူ မြန်မာနိုင်ငံ ဗိသုကာအသင်းမှ ဒေါက်တာကျော်လတ်နှင့် ပညာရှင်များက ရေးဆွဲပေးခဲ့ပါသည်။

မြန်မာနိုင်ငံသည် ပုဂံဒေသအတွက် အဆိုပြုစာတွဲ အပြည့်အစုံ [အပိုင်း (၁) မှ (၅) အထိ] ကို ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနသို့ နောက်ဆုံးသတ်မှတ်ရက်မတိုင်မီ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် တင်သွင်းခဲ့ပါသည်။ ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနက မြန်မာနိုင်ငံမှပေးပို့လာသည့် ပုဂံဒေသအဆိုပြုစာတွဲများကို လက်ခံရရှိကြောင်း၊ စာတွဲများကို ပြည့်စုံမှုရှိ-မရှိ စစ်ဆေးပြီးနောက် ပြီးပြည့်စုံမှုရှိသော အဆိုပြုစာတွဲများကို သက်ဆိုင်ရာအကြံပေးအဖွဲ့များသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ် ဗဟိုဌာန၏ အကြံပေးအဖွဲ့ဖြစ်သည့် နိုင်ငံတကာ အထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (အိုင်ကိုမော့စ်) သို့ မိတ္တူပေး၍ ယင်းအဖွဲ့မှ ပုဂံဒေသသို့ အကဲဖြတ်အဖွဲ့ စေလွှတ်နိုင်ရေးကို သီးခြားဆက်သွယ်သွားမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါသည်။ ပုဂံဒေသအတွက် အဆိုပြုစာတွဲမှာ သတ်မှတ်ချက်များနှင့် ပြည့်စုံသော်လည်း ဓာတ်ပုံများကို သတ်မှတ်ချက်ပုံစံများဖြင့် ထပ်မံပေးပို့ပေးရန် ၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် အကြောင်းကြားလာသဖြင့် ပါရီမြို့အခြေစိုက် ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှတစ်ဆင့် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ပြန်လည်ပေးပို့ခဲ့ပါသည်။ ဆက်လက်၍ ပုဂံဒေသ၌ဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို အိုင်ကိုမော့စ်၏ ညွှန်ကြားရေးမှူးထံသို့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*



အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ကျင်းပသည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံ၌ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် တင်ပြနေသည်ကိုတွေ့ရစဉ်။

**“ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းရန် အဆိုပြုစာတွဲ တင်သွင်းခဲ့ပြီးနောက် တစ်ဆက်တည်းမှာပင် မြောက်ဦးဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းသွင်း နိုင်ရေးအတွက် အဆိုပြုစာတွဲ (မူကြမ်း) ကို ပြုစုလျက်ရှိပါသည်။ ထို့နည်းတူ ရွှေတိဂုံစေတီတော် မြတ်ကြီးနှင့် ပုံတောင်ပရိုင်းမိတ် တွေ့ရှိရာဒေသတို့ကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း သွင်းနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို စတင်လုပ်ဆောင်လျက်ရှိ”**

*စာမျက်နှာ ၆ မှ*

**ပညာရပ်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်များ လုပ်ဆောင်ရန် ပညာရှင် လာရောက်လေ့လာခြင်း**

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ထည့်သွင်းနိုင်ရေးနှင့် စပ်လျဉ်း၍ ပညာရပ်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်များ လုပ်ဆောင်ရန် ဆန်းစစ်လေ့လာမည့် ပညာရှင်အဖြစ် သြစတြေးလျနိုင်ငံမှ မစ္စတာ ရတ်ချက်မက်ကေးကို မြန်မာနိုင်ငံသို့ စေလွှတ်နိုင်ရေးအတွက် အိုင်ကိုမော့စ်၊ ညွှန်ကြားရေးမှူးက ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးထံ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အကြောင်းကြားခဲ့သဖြင့် နှစ်ဖက်ညှိနှိုင်းချက်အရ အဆိုပါ ပညာရှင် မစ္စတာ ရတ်ချက်မက်ကေးသည် မြန်မာနိုင်ငံသို့ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၅ ရက်နေ့အထိ လာရောက်ခဲ့ပါသည်။

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ထည့်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံမှ တင်သွင်းထားသည့် အဆိုပြုစာတွဲကို အိုင်ကိုမော့စ်မှ လေ့လာဆန်းစစ်ပြီးနောက် ကောင်စီ၏ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့က မေးမြန်းလာသည့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်၍ ဖြေရှင်းမည့်နည်းလမ်းများ၊ စီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်၍ ရှေးဟောင်းသုတေသနဆိုင်ရာ အခြေပြမြေပုံ ရေးဆွဲထားရှိမှု၊ ပုဂံဒေသအတွက် တစ်ခုတည်းသောမြေပုံ ရေးဆွဲထားရှိမှု၊ ငလျင်အခြေပြမြေပုံရေးဆွဲထားရှိမှု၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ ယဉ်ကျေးမှုအမွေအနှစ်အပေါ် ထိခိုက်မှု ရှိ-မရှိ လေ့လာဆန်းစစ် အကဲဖြတ်ခြင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပုဂံဒေသအတွင်းရှိ အဆင့်အတန်းမသတ်မှတ်ရသေးသည့် ဘုရားပုထိုးများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေ၊ လူမှုအသိုက်အဝန်းများ ပါဝင်ပတ်သက်မှုအခြေအနေ၊ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် ပတ်သက်သည့်အချက်များကို ပြန်ကြားပေးရန် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် တောင်းခံလာခဲ့ရာ မြန်မာနိုင်ငံမှ နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြန်လည်ဖြေကြားပေးပို့ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ပါရီမြို့၌ ကျင်းပသည့် အိုင်ကိုမော့စ်ကောင်စီ၏ ကျွမ်းကျင်ပညာရှင်များအဖွဲ့အစည်းအဝေး၌ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းရေးကိစ္စကိုလည်း ဆွေးနွေးခဲ့ကြရာ ယင်းအစည်းအဝေးသို့ ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့်အတူ တက်ရောက်ခဲ့ပါသည်။ အိုင်ကိုမော့စ်မှ တောင်းခံလာသည့် ကမ္ဘာ့အမွေအနှစ်စာရင်း၊ ၂၀၁၉ ပုဂံ (မြန်မာ) ကြားဖြတ်အစီရင်ခံစာနှင့် ထပ်မံပေးပို့ရမည့် သတင်းအချက်အလက်များကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

**ပုဂံဒေသအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး**

ပုဂံဒေသ၏ မြေယာရှုခင်း၌ တောင်ကုန်းလွင်ပြင်များ၊ မြစ်နှင့် စေတီပုထိုးများ၊ အထိမ်းအမှတ်အဆောက်အအုံများ၊ ကမ္ပည်းကျောက်စာများ၊ နံရံဆေးရေးပန်းချီများ၊ ကျောက်ဆစ်ပန်းချီများ၊ ဘာသာရေးဆိုင်ရာ ဓလေ့ထုံးတမ်းများ၊ နန်းတော်ရာနှင့် မြို့ရိုးဟောင်း၊ ရေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ မြေအောက်ရှေးဟောင်းသုတေသနဆိုင်ရာ ကိစ္စရပ်များ၊ ပြတိုက်နှင့် ပုဂံဒေသအတွင်း အခြားနေရာများ၌ ထိန်းသိမ်းထားသောပစ္စည်းများ ပါဝင်ကြပါသည်။

ပုဂံဒေသ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကို ဘက်စုံပေါင်းစည်းထားသည့် စီမံခန့်ခွဲမှုလုပ်ငန်း လမ်းညွှန်ချက်မူဘောင်နှင့်အညီ ဆောင်ရွက်ခဲ့ရာ ယင်းမူဘောင်၌ ထိန်းသိမ်းစောင့်ရှောက်ခြင်း စည်းမျဉ်းဥပဒေများ၊ စည်းမျဉ်း ဥပဒေသတ်မှတ်ခြင်းများ/ ပြင်ဆင်ခြင်းများနှင့် ခရီးသွားလုပ်ငန်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ဒေသတွင်းအစီအစဉ်ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းညွှန်ချက်များ ပါဝင်ပါသည်။ အဆိုပါမူဘောင်ကို ပုဂံအမွေအနှစ်ဒေသ အမျိုးသားအဆင့် ကြီးကြပ်ညှိနှိုင်းရေးကော်မတီက ဦးဆောင်ကြီးကြပ်၍ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများက ပါဝင်ရေးဆွဲခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းကော်မတီများက ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ခဲ့ကြခြင်း ဖြစ်ပါသည်။



ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား တွေ့ရစဉ်။

ရေရှည်စီမံခန့်ခွဲမှု၌ လူထု၏နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်း၊ အထိမ်းအမှတ်အဆောက်အအုံများ ထိန်းသိမ်းကာကွယ်မှုကို မြှင့်တင်ခြင်း၊ အထူးသဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းခြင်း (သို့မဟုတ်) ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့် ဟန်ချက်ညီစေခြင်း၊ စောင့်ကြည့်ခြင်းနှင့် ထိန်းသိမ်းခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်းများ ပါဝင်ပါသည်။

**ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၉) ပြဋ္ဌာန်းခြင်း**

ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်စွာတည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို မြှင့်တင်ရန်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်စေရန်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၁၉၉၈ ခုနှစ်ကတည်းပင် ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ပြောင်းလဲလာသည့် ခေတ်ကာလအနေအထားများအရ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို ပြည်သူများ နားလည်ခံယူကြစေရန်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဟန်ချက်ညီစွာ လုပ်ဆောင်နိုင်ရန်လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်းကောင်း ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၉) ကို ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

**ပုဂံဒေသအား အနှိုင်းမဲ့သော ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အိုင်ကိုမော့စ်အဖွဲ့က ထောက်ခံခဲ့ခြင်း**

ပညာရှင်အဖွဲ့၏ အကဲဖြတ်မှတ်တမ်းနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ကမ္ဘာ့အမွေအနှစ်ဗဟိုဌာန၊ အတွင်းရေးမှူးအဖွဲ့မှ ပါရီမြို့ရှိ ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးထံ လိပ်မူပေးပို့ခဲ့ရာတွင် ပုဂံဒေသကို အမည်စာရင်းတင်သွင်းထားခြင်းနှင့် ပတ်သက်၍ ပုဂံဒေသသည် ထူးခြား၍ အနှိုင်းမဲ့သော ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်ဟု အိုင်ကိုမော့စ်အဖွဲ့က ထောက်ခံချက်ပေးထားကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ စံသတ်မှတ်ချက် အမှတ် (၃)၊ (၄) နှင့် (၆) တို့နှင့် ကိုက်ညီမှုရှိသည်ဟု ဆုံးဖြတ်ထားပြီး ကမ္ဘာ့ အမွေအနှစ်စာရင်း ထည့်သွင်းရန် အကြံပြုထားကြောင်း ဖော်ပြပါရှိပါသည် -

**စံချိန်စံညွှန်းများ**

**စံချိန်/စံညွှန်း (၃)** ပုဂံဒေသသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုင်းရှိုင်းသည့် ယဉ်ကျေးမှုကို ထင်ဟပ်နေပြီး ထူးခြားထင်ရှားသော ပြယုဂ်ကဲ့သို့ ဖြစ်နေပါသည်။ ထို့ပြင် (၁၁) ရာစုမှ (၁၃) ရာစုကာလများက ပုဂံဒေသသည် ဒေသအတွင်း တန်ခိုးသြဇာနှင့် ပြည့်စုံသည့် အင်ပါယာတစ်ခု ဖြစ်ခဲ့ပြီး ပုဂံခေတ်ယဉ်ကျေးမှုကို သိသာထင်ရှားစွာ ပြသလျက်ရှိပါသည်။

**စံချိန်/စံညွှန်း (၄)** ပုဂံဒေသသည် ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာတို့၏ တုနှိုင်းမဲ့ အနုသုခုမ လက်ရာများ ဖန်တီးမှု ကြွယ်ဝသည့် အထိမ်းအမှတ် အဆောက်အအုံများ တည်ရှိရာ ဒေသတစ်ခုဖြစ်ပြီး ဘာသာရေးကိုးကွယ် ယုံကြည်မှုနှင့် အစောပိုင်း ဗုဒ္ဓဘာသာဝင် အင်ပါယာတစ်ခု၏ ကြွယ်ဝမှုကို ထင်ဟပ်စေပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ယုံကြည်မှုနှင့် ဗိသုကာ အနုပညာလက်ရာများသည် နောင်ရာစုနှစ် များစွာ ဆက်လက် တည်တံ့နေဦးမည် ဖြစ်ပါသည်။

**စံချိန်/စံညွှန်း (၆)** ပုဂံဒေသသည် စေတီပုထိုးများ၊ ဘုရားများနှင့် ဘုန်းကြီးကျောင်းများ အပါအဝင် ဗိသုကာဆိုင်ရာနှင့်ရှေးဟောင်း အမွေအနှစ်ဆိုင်ရာ ထူးခြားပြောင်မြောက်သော အဆောက်အအုံများစွာ တည်ရှိပြီး ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းကဲ့သို့သော ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံများ၊ နတ်ကိုးကွယ်မှုကဲ့သို့ ရိုးရာယုံကြည်မှုများ၊ ပွဲတော်များ၊ ယွန်းထည်ထုတ်လုပ်ခြင်းကဲ့သို့သော ရိုးရာနည်းပညာများ၊ ဒြပ်မဲ့ယဉ်ကျေးမှုများ ဆက်လက်တည်ရှိနေသည့် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးတမ်း၊ ကိုးကွယ်ယုံကြည်မှုနှင့် သမိုင်းဆိုင်ရာ ထူးခြားမြင့်မြတ်သည့် ပြယုဂ်တစ်ခု ဖြစ်ပါသည်။



**ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတကာမှ ကိုယ်စားလှယ်များက လာရောက်ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။**

**ကမ္ဘာ့အမွေအနှစ်ကော်မတီ အဖွဲ့ဝင်နိုင်ငံများမှ အမြဲတမ်းကိုယ်စားလှယ်များအား တွေ့ဆုံစည်းရုံးမှု**

တစ်ချိန်တည်းတွင် ပါရီမြို့အခြေစိုက် ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးသည် ကမ္ဘာ့အမွေအနှစ်ကော်မတီ အဖွဲ့ဝင် (၂၁) နိုင်ငံမှ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးများအား သွားရောက်တွေ့ဆုံ၍ အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပမည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေး၌ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ဆုံးဖြတ်မည့်အပေါ် ထောက်ခံပေးပါရန် စည်းရုံးပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။ ထို့နည်းတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံမှ ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများထံသို့ လိပ်မူရေးသားထားသည့် စည်းရုံးမေတ္တာရပ်ခံစာများကို သွားရောက်ပေးအပ်ခဲ့ပါသည်။

**(၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေး၌ ပုဂံအား ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းရန် ဆုံးဖြတ်ခဲ့ကြခြင်း**

ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အမည်စာရင်း အဆိုပြုခဲ့သည့် ပုဂံနယ်မြေသည် သိသာထင်ရှားပြီး လူသားအားလုံး အသိအမှတ်ပြုနိုင်သည့် ကမ္ဘာ့လုံးဆိုင်ရာ စံတန်ဖိုးအောက်ရှိ စံချိန်စံညွှန်း သတ်မှတ်ချက် အမှတ် (၃)၊ (၄) နှင့် (၆) တို့နှင့် ကိုက်ညီမှုရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၁၀ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ၊ ဘာကူမြို့တော်၌ ကျင်းပပြုလုပ်သည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်း အဝေးကာလအတွင်း မြန်မာနိုင်ငံမှ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း၌ စာရင်းသွင်းရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

**နိဂုံးချုပ်**

**မြန်မာနိုင်ငံမှ သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း** စသည့် ပျူမြို့ဟောင်းဒေသများရှိ နန်းတော်ရာများ၊ ဘာသာရေးအဆောက်အအုံများ၊ လူမှုရေးအဆောက်အအုံများ၊ စိုက်ပျိုးရေးအတွက် ဖန်တီးထားသည့် ရေသွင်းစနစ်များနှင့် ရေနုတ်မြောင်းများ အစရှိသော ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းခဲ့ကြရာ ပျူမြို့ဟောင်းဒေသများသည် ၂၀၁၄ ခုနှစ်၊ ဇွန် ၂၂ ရက်နေ့တွင် ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ပါဝင်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ပုဂံဒေသသည်လည်း မြန်မာနိုင်ငံမှ ဒုတိယမြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ယူနက်စကိုအောက်ရှိ ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ အသိအမှတ်ပြုမှုကို ရရှိခဲ့ပြီဖြစ်ပါသည်။

ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ လက်ရှိစည်းမျဉ်း သတ်မှတ်ချက်အရ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တစ်နှစ်လျှင် အဆိုပြုချက်တစ်ခုသာ တင်သွင်းနိုင်သည့်အလျောက် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းရန် အဆိုပြုစာတွဲ တင်သွင်းခဲ့ပြီးနောက် တစ်ဆက်တည်းမှာပင် မြောက်ဦးဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းနိုင်ရေးအတွက် အဆိုပြုစာတွဲ (မူကြမ်း) ကို ပြုစုလျက်ရှိပါသည်။ ထို့နည်းတူ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံတောင်ပုံညာဂိုးမိတ် တွေ့ရှိရာဒေသတို့ကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို စတင်လုပ်ဆောင်လျက်ရှိပါသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံမှ ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတော်အဆင့်မှ ကမ္ဘာ့အဆင့် အမွေအနှစ်စာရင်းသွင်းနိုင်ရေး ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ပညာရှင်များက ကြိုးပမ်းဆောင်ရွက်ကြသကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၌ မှီတင်းနေထိုင်ကြသည့် ဒေသခံပြည်သူများကလည်း မိမိတို့၏ဒေသ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့်နည်းတူ နိုင်ငံသူ/နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းရေး လုပ်ငန်းစဉ်သည် ပိုမိုအောင်မြင်မှုရရှိမည်မှာ မုချဧကန်ပင် ဖြစ်တော့သည်။

# ဥပဒေတစ်ခုမှာ အကြောင်းအရာတွေ ဘာတွေဆိုတာထက်ကို ဥပဒေရဲ့ အနှစ်သာရက ဘာလဲဆိုတာကို ကြည့်စေချင်ပါတယ်

ဒေါက်တာ အောင်ထွန်းသက်

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများ စကားဝိုင်း

ရှင်မင်း

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများ စကားဝိုင်းတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလွတ်တန်းအကြံပေး ဦးမျိုးမြင့်ထွန်းနှင့် ဦးကိုကို(စက်မှုတက္ကသိုလ်)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည် -




*ယမန်နေ့မှအဆက်*

**ဦးကိုကို (စက်မှုတက္ကသိုလ်) ။ ။ ဒီဥပဒေကနေ ဆက်နွယ်ပြီး အလုပ်လုပ်နေရတဲ့ ကလေးသူငယ်တွေအတွက် အခွင့်အရေးပေးထားတာတွေလည်း ပါပါတယ်။ ဥပဒေအရ အတိအကျတော့ မဟုတ်ပါဘူး။ ၁၄ နှစ်အောက်ကတော့ လုံးဝအလုပ်လုပ်ခွင့် မရှိဘူး။ ၁၄ နှစ်အထက်က အလုပ်လုပ်ခွင့် ရရှိတာမျိုး ရှိတယ်။ ဒါကလည်း မျက်မှောက်ခေတ်မှာ လိုအပ်တယ်လို့ မြင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာမ နော်လှလှစိုးကို ဆွေးနွေးပေးစေချင်ပါတယ်။**

**နော်လှလှစိုး ။** ။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူက ရွေးချယ်တင်မြှောက်ထားတာပါ။ ဒါကြောင့် ပြည်သူ့အသံ လွှတ်တော်အသံဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရဲ့သုံးပုံတစ်ပုံရှိတဲ့ ကလေးတွေရဲ့အကောင်းဆုံး အကျိုးစီးပွားကို စဉ်းစားပြီးတော့ ဒီဥပဒေကို ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်ခဲ့တဲ့ ဥပဒေပါ။ ပြည်သူစိတ်ဝင်စားတဲ့ ဥပဒေပါ။ စိတ်ဝင်တစားနဲ့ လာပြီးတော့လည်း ဆွေးနွေးကြပါတယ်။ ပြည်သူတွေ ဥပဒေကို စိတ်ဝင်စားတာ ကြိုဆိုပါတယ်။ နောင်ကိုလည်း အကြံပြုချက်တွေ ပေးစေလိုပါတယ်။ ကျွန်မ သိသလောက်ဆိုရင် ကျွန်မတို့နဲ့ လာရောက်ဆက်သွယ်ထားတဲ့ CSO တွေဆိုရင် ဒီဥပဒေတွေနဲ့ ပတ်သက်ပြီးတော့ ထောက်ခံတဲ့ အချက်လေးတွေကို ကြေညာချက် ထုတ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က တစ်လျှောက်လုံး လုပ်ကိုင်တာမို့ သိတယ်။ တချို့ မသိသေးတဲ့သူတွေကျတော့ ကောလာဟလတွေနဲ့ စိုးရိမ်ပူပန်စိတ်တွေ ဖြစ်မှာစိုးတယ်။ ဒီဥပဒေကို သေသေချာချာလေ့လာပြီးတော့မှ ပညာရှင်တွေနဲ့ တိုင်ပင်ပြီး ဆောင်ရွက်ထားတဲ့ ဥပဒေဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံမှာ ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းစဉ်အဖြစ် ကျွန်မတို့ကော်မတီက ၁၉၉၃ ဥပဒေကို လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ် ဥပဒေရဲ့ အားသာချက်၊ အားနည်းချက်တွေကို စိစစ်ပြီးတော့မှ ရလာတဲ့ အကြံပြုချက်တွေကို ဒီဥပဒေအသစ်ထဲမှာ ထည့်ထားပါတယ်။ ဒီလို အဘက်ဘက်က စဉ်းစားပြီး လုပ်ထားတဲ့ ဥပဒေဖြစ်တဲ့အတွက်ကြောင့် ကလေးတွေအတွက် အကောင်းဆုံး အကျိုးစီးပွားဖြစ်နိုင်တဲ့ဥပဒေ ဖြစ်ပါတယ်။

### အလုပ်ရှင်တွေက ကလေးအလုပ်သမားတွေကို ဘယ်လိုကာကွယ်စောင့်ရှောက်ပေးနိုင်သလဲ

**ဒေါက်တာအောင်ထွန်းသက် ။** ။ ဒီနေရာမှာ ဖြည့်စွက်ပြီး ဆွေးနွေးချင်တာရှိပါတယ်။ ကိုယ့်နိုင်ငံမှာ ကလေးတွေ အလုပ်လုပ်နေရတယ်။ ဒီလိုအလုပ်လုပ်နေတဲ့ကိစ္စမှာ စဉ်းစားတဲ့ပုံစံကို နည်းနည်းလေး သတိထားစေချင်ပါတယ်။ သိမ်သိမ်မွေ့မွေ့ စဉ်းစားစေချင်တယ်။ ကလေးတွေ လုံးဝအလုပ်မလုပ်ရဘူးဆိုတာ လက်တွေ့မကျဘူး။ ကလေးတွေအတွက် အခုဆိုရင် CSO တွေနဲ့ UN အဖွဲ့အစည်းတွေ လုပ်ပေးနေတာ ရှိပါတယ်။ လက်ဖက်ရည်ဆိုင်၊ ကားပြင်တဲ့ရုံတွေမှာ အလုပ်လုပ်နေတဲ့ ကလေးတွေကို အလုပ်မလုပ်နဲ့ဆိုရင် မိသားစုအတွက် ထိခိုက်သွားနိုင်ပါတယ်။ နယ်တွေမှာဆိုရင်လည်း လယ်ထဲမှာ ကလေးတွေ လုပ်နေတာ၊ လမ်းခင်းတဲ့အခါ ကလေးတွေက အမေနဲ့အတူ ပါနေတာပါပဲ။ ပြောချင်တာက ကလေးအလုပ်သမားကို လုံးဝ eliminate လုပ်တာ မဟုတ်ဘူး။ ကလေးအလုပ်သမားဖြစ်တဲ့အတွက် ကလေးအတွက် ပညာသင်ခွင့် ဆုံးရှုံးနိုင်လို့ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခု အလုပ်ခွင်ထဲက ကလေးတွေကို အလုပ်ခွင်သွားပြီး နာရီပိုင်းနဲ့ စာသင်တာမျိုး လုပ်နေကြတယ်။ အိမ်အကူမှာဆိုရင်လည်း ရှိတယ်၊ အိမ်အကူလုပ်တဲ့ ကလေးတွေလည်း ပညာသင်ခွင့် မဆုံးရှုံးစေချင်ဘူး။ ဒါကြောင့် ရပ်ကွက်ထဲမှာ စုစည်းပြီးတော့ သင်ပေးတယ်။ ပြောချင်တာက ကလေးသူငယ်စောင့်ရှောက်မှုလို့ ပြောကြတဲ့အခါ ပကတိအခြေအနေနဲ့ ကိုက်ညီဖို့လိုတယ်။ ဥပဒေကတော့ ရှိရမယ်။ လုံးဝ eliminate လုပ်လိုက်ရင် ကလေးတွေ အလုပ်လက်မဲ့ဖြစ်ရုံမကဘူး။ မိသားစုစားဝတ်နေရေးလည်း ထိခိုက်နိုင်တယ်။ ဒါကြောင့် ဒီထဲမှာ အလုပ်ရှင်တွေပါ ပါဝင်ဆွေးနွေးရင် ကောင်းတယ်။ အလုပ်ရှင်တွေက ကလေးအလုပ်သမားတွေကို ဘယ်လိုကာကွယ်စောင့်ရှောက်ပေးနိုင်သလဲ။ အဲဒီလိုမျိုးလုပ်ကြရင်တော့ နိုင်ငံတော်က ပြဋ္ဌာန်းပေးတဲ့ ဥပဒေဟာ ပိုပြီးလက်တွေ့ကျမယ်။ ဥပဒေတစ်ခုမှာ အကြောင်းအရာတွေ ဘာတွေဆိုတာထက်ကို ဥပဒေရဲ့ အနှစ်သာရက ဘာလဲဆိုတာကို ကြည့်စေချင်ပါတယ်။ ပုဒ်မ၊ ပုဒ်ထီးတွေ မှန်တာတွေ၊ မှားတွေထက်ကို ဥပဒေရဲ့ အနှစ်သာရကို အဓိက သုံးသပ်စဉ်းစားစေချင်ပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်) ။ ။ ခုနက ဆရာမဆွေးနွေးတဲ့အထဲမှာ CSO အပိုင်းကနေ ဒီဥပဒေနဲ့ ပတ်သက်ပြီး ကြေညာချက်တွေ ထုတ်တယ်လို့ ကြားသိလိုက်ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဦးမျိုးမြင့်ထွန်းအနေနဲ့ ဆွေးနွေးပေးပါဦး။**

**ဦးမျိုးမြင့်ထွန်း ။** ။ အဓိက က မွေးစာရင်းနဲ့ နိုင်ငံသားဖြစ်တာ တိုက်ရိုက်ပတ်သက်မှု မရှိဘူးဆိုတာ နားလည်ဖို့ပါ။ မွေးတာက ကလေးအခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ မွေးစားတယ်ဆိုတာက အိမ်ထောင်မိသားစုကိစ္စပါ။ နိုင်ငံတော်ကိစ္စ မဟုတ်ပါဘူး။ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းကတော့ နိုင်ငံတော်ကပဲ ဆုံးဖြတ်တာပါ။ ဒါကို ရှင်းပြချင်တာပါ။ မွေးတာရယ်၊ မွေးစားတာရယ်နဲ့ နိုင်ငံသားဖြစ်တာ ကွဲပြားစေဖို့ပါ။ နိုင်ငံတော်ကိစ္စဖြစ်တဲ့ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းမှာ နိုင်ငံတော်က ငြင်းပယ်ခွင့် ရှိတယ်။ လက်ခံခွင့်လည်း ရှိတယ်။

## “ကလေးမွေးစာရင်း ထုတ်ပေးခြင်းသည် နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်း မဟုတ်”

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဒါတွေကလည်း ဥပဒေအရ လျှောက်ထားရဦးမှာပါ။ ပြီးတော့ လုပ်ထုံးလုပ်နည်းတွေ၊ စီရင်ထုံးတွေ သတ်သတ်ရှိပြီးသားပါ။ မြန်မာနိုင်ငံမှာ ဒီလိုကိစ္စမျိုးဖြစ်ပွားတဲ့ စီရင်ထုံးလည်း ရှိပြီးသားပါ။ အဲဒီမှာလည်း မပေးထားပါဘူး။ တစ်ခုတည်းမကြည့်ဖို့ ကြေညာချက်ထဲမှာ ထပ်ထည့်ထားတာဖြစ်ပါတယ်။ ရောထွေး ပြီးမနေဘဲ ရှင်းလင်းစွာ နားလည်အောင်ပါ။

**ဒေါက်တာသီတာစန်း** ။ ။ အမှန်တော့ ပုဒ်မ ၂၁ မှာပဲ ပြောထားတာ ရှိပါတယ်။ မွေးစားတယ်ဆိုရင် မွေးစာရင်းမှတ်ပုံတင်တယ်ဆိုတာလည်း အသက်အထောက်အထားအတွက် ပါပါတယ်။ ဒီလိုပြောထားပြီးသားပါ။ ကျွန်မတို့နိုင်ငံမှာ Data Collection အပိုင်းမှာ အားနည်းနေပါတယ်။ နိုင်ငံတကာနဲ့ စကားပြောတဲ့အခါ သူတို့က အချိန်ဇယားနဲ့ အတိအကျပြောတယ်။ ကိုယ့်ဆီမှာကျတော့ အချက်အလက်က အားနည်းတယ်။ တချို့ရွာတွေမှာ မွေးစာရင်းမရှိတာတွေ ရှိတယ်။ ဒီလိုမရှိတော့ လူဦးရေတိုးပွားလာတာလည်း မသိဘူး။ မွေးစာရင်းပေးတာဟာ နိုင်ငံသားမှတ်ပုံတင်ပေးတာ မဟုတ်ပါဘူး။ ဆိုင်လည်း မဆိုင်ပါဘူး။ အမှန်တော့ လူသားတစ်ယောက် လူ့ပတ်ဝန်းကျင်ကို ရောက်တာကို အသိအမှတ်ပြုတာပါ။

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **မွေးစားခံရတဲ့ ကလေးတွေအတွက် ဓလေ့ထုံးစံနဲ့အညီ အမွေဆက်ခံပိုင်ခွင့်ရှိတယ်လို့ ပါပါတယ်။ ပြီးတော့ အခြားအခွင့်အရေးတွေလည်း ဆက်ခံပိုင်ခွင့်ရှိတယ်လို့ပါ ပါနေတော့ အခြားအခွင့်အရေးဆိုတာ ဘာတွေလဲဆိုတာ သိပါရစေ။**

**ဒေါက်တာစန်းစန်းအေး** ။ ။ အခု ပြဋ္ဌာန်းတော့မယ့် ဥပဒေ အခန်း ၇ မှာ ကလေးသူငယ်များရဲ့ အခွင့်အရေးများဆိုပြီး ပါပါတယ်။ ဒီအခွင့်အရေးတွေနဲ့ ပတ်သက်ပြီး အခြေခံကတော့ ပညာရေး၊ ကျန်းမာရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိရေးတွေပါ။ ဒါကို ဇောင်းပေးပြီး ဆောင်ရွက်တာပါ။ ဒါနဲ့ပတ်သက်ပြီး ပုဒ်မ ၃၂ (ခ) မှာ မွေးစားခံလိုက်ရပြီဆိုရင် အမွေရတာ၊ မရတာက တစ်ပိုင်း၊ မွေးစားခံရရင် နိုင်ငံတော်က အသိအမှတ်ပြုမွေးစားတာဖြစ်တဲ့အတွက် ကလေးက register ရှိနေပြီ။ ဒီလိုရှိနေပြီဖြစ်တဲ့အတွက်ကြောင့် ကလေးသူငယ်ရဲ့

**မွေးစားရုံဖြင့် နိုင်ငံသား မဖြစ်၊ နိုင်ငံသားဖြစ်ခွင့်ကို ဥပဒေနှင့်သာ နိုင်ငံတော်က ဆုံးဖြတ်သည်။**

အခွင့်အရေး ပြည့်စုံမှု ရှိ မရှိကို အဓိကထားတယ်။ နောက်တစ်ပိုင်းက အမွေဆက်ပိုင်ခံခွင့်ပါ။ ဥပမာ ဗုဒ္ဓဘာသာ မိဘနှစ်ပါးက မွေးစားတယ်ဆိုရင် ကိတ္တိမဥပဒေနဲ့ သွားမယ်၊ ကျန်တဲ့ ဓလေ့ထုံးတမ်းဥပဒေတွေနဲ့ ဆက်ခံပိုင်ခွင့်ရှိတယ်ဆိုတာကို ရေးသားထားတာပါ။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ဥပဒေမှာ ပုဒ်မ ၃၂ (ခ) ဆိုပြီး အခြေတည်ထားတယ်။ ဥပဒေပြီးတော့ နည်းဥပဒေရေးဦးမှာပါ။ နည်းဥပဒေမှာတော့ အသေးစိတ်ဖော်ပြမှာပါ။

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **လူမှုဝန်ထမ်းဦးစီးဌာနကနေ အစပြုပြီး ဆွဲခဲ့တဲ့ ဥပဒေဖြစ်ခဲ့ပေမယ့် အကောင်အထည်ဖော်တဲ့အခါမှာ ဘက်စုံပါမှသာ အောင်မြင်နိုင်မယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ ကလေးသူငယ်တွေရဲ့ပညာရေးအတွက်ဆို ပညာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တယ်၊ ကျန်းမာရေးအတွက်ဆို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ သက်ဆိုင်တယ်၊ ကလေးအလုပ်သမားဆိုရင် အလုပ်သမားနဲ့ သက်ဆိုင်တယ်။ ဒီလိုသက်ဆိုင်ပြီး ဆက်စပ်နေတော့ ညှိနှိုင်းရမှာတွေများတော့ အကောင်အထည်ဖော်မှုအပိုင်းမှာ အားနည်းသွားနိုင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်အနေနဲ့ ဆွေးနွေးပေးပါခင်ဗျ။**

**ဒေါက်တာအောင်ထွန်းသက်** ။ ။ အစိုးရယန္တရားအရ သုံးသပ်ရင် အဓိက တာဝန်ယူဆောင်ရွက်တဲ့ ဝန်ကြီးဌာနက စပြီးတာဝန်ယူရမယ်။ ဒါပေမယ့် ကလေးတစ်ယောက်ကို မဏ္ဍိုင်ထားပြီးတော့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဘယ်သူတွေ တာဝန်ရှိလဲပြောရင် Duty Parallel တွေကတော့ အများကြီးပဲ။ Duty Parallel လို့ ပြောတဲ့အခါမှာလည်း အစိုးရဌာနတွေတင်မကဘူး။ လူမှုအသိုက်အဝန်းမှာလည်း တာဝန်ရှိပါတယ်။ တစ်ခါတလေ စိတ်မကောင်းတာက မြင်ရက်သားနဲ့ မသိကျိုးကျွံလုပ်တဲ့ လူ့အသိုင်းအဝိုင်းတွေရှိတယ်၊ မိဘတွေလည်း တာဝန်ရှိတယ်၊ ဆွေမျိုးသားချင်းတွေလည်း တာဝန်ရှိတယ်။ တကယ်တမ်းတော့ ကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ပြောတော့မယ်ဆိုရင် ကလေးတစ်ယောက်ချင်းရဲ့တန်ဖိုးအတွက် တိုင်းနိုင်တဲ့ ပေတံမျိုးဖြစ်စေချင်တယ်။ ချမ်းသာတာ၊ ဆင်းရဲတာ ရှိမယ်။ ဒါပေမယ့် ကလေးတစ်ယောက်ကို ဘယ်လိုကာကွယ်စောင့်ရှောက်မလဲ၊ သူ့မှာ မွေးရာပါ Individual Right တွေ ပါလာပါတယ်။

**မွေးစားတာ၊ မွေးဖွားတာတွေဟာ နိုင်ငံသားဖြစ်မှုနဲ့ ဘယ်လိုမှ မဆက်စပ်ဘူး ဆိုတာကို ဥပဒေထဲမှာ အတိအလင်းပြောထား**

မွေးရာပါအခွင့်အရေး က ပါပြီးသားပါ။ ဒါကို လက်ခံနိုင်အောင် လုပ်ရမယ်။ အခုလုပ်နေကြပေမယ့် စဉ်းစားချက်က အဲဒီမှာ သွားရပ်နေတယ်။ Power Relation၊ အာဏာရှိတဲ့သူ၊ ဩဇာရှိတဲ့သူ ပေးမှရတာမျိုးမဟုတ်ဘူး။ အဲဒီလိုမျိုး နားလည်အောင် ဘယ်လို လုပ်ကြမလဲ၊ ထပ်ထပ်ပြီး Repeat လုပ်ဖို့ လိုတာက မွေးစားတာ၊ မွေးဖွားတာတွေဟာ နိုင်ငံသားဖြစ်မှုနဲ့ ဘယ်လိုမှ မဆက်စပ်ဘူးဆိုတာကို ဥပဒေထဲမှာ အတိအလင်း ပြောထားတယ်။ လူတွေ စိုးရိမ်ပူပန်မှုတွေ လိုတာထက် ပိုလာတဲ့အခါ ချိတ်ဆက်ပြီး စဉ်းစားနေတာမျိုးကို နားလည်ပါတယ်။ ဒါပေမယ့် Open Mind ရှိဖို့ လိုပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **ဆရာကြီးက ဥပဒေထွက်မှ အလုပ်တွေက စတာလို့ ပြောပါတယ်။ ဆရာမကလည်း နည်းဥပဒေတွေ ဆွဲတော့မယ်လို့ပြောတော့ လွှတ်တော်အနေနဲ့ ဆက်လက်ပြီး ဘယ်လိုပူးပေါင်းပါဝင်ဆောင်ရွက်မလဲဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။**

**နော်လှလှစိုး** ။ ။ နည်းဥပဒေဆွဲရင် ကျွန်မတို့လွှတ်တော်ကော်မတီအနေနဲ့ ဆက်လက်ပြီး ပူးပေါင်းပါဝင်သွားမှာပါ။ လွှတ်တော်မှာပဲ နည်းဥပဒေကိုလည်း အတည်ပြုရမှာပါ။ ဥပဒေပြုပြီးနောက် စိစစ်ခြင်းဆိုတဲ့ လုပ်ငန်းစဉ်ကို လုပ်ထားတဲ့အတွက် ဥပဒေအသစ်က ဘယ်လိုအားသာချက်၊ အားနည်းချက်တွေရှိတယ်ဆိုတာ ဆက်လက်လေ့လာရဦးမှာပါ။

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **ဥပဒေတစ်ခု လှုပ်ရှားအသက်ဝင်အောင် ဆောင်ရွက်နေချိန်မှာ CSO တွေရဲ့ အခန်းကဏ္ဍက ဒီဥပဒေမှာပါတဲ့ အခွင့်အရေးတွေ ကလေးတွေရရှိအောင် ဘယ်လိုတွေ ဆောင်ရွက်မယ်ဆိုတာမျိုး စဉ်းစားထားတာ ရှိပါသလား။**

**ဦးမျိုးမြင့်ထွန်း** ။ ။ ကျွန်တော်တို့အနေနဲ့ အရင်ဥပဒေမှာမပါဘဲ လိုအပ်နေတဲ့ ကလေးသူငယ်အခွင့်အရေးတွေ ပါရှိပြီး ရရှိလာအောင် အရင်လုပ်ပါတယ်။ မြန်မာနိုင်ငံက လက်မှတ်ထိုးထားတဲ့ CRC ကို ဘယ်လောက်အကောင်အထည်ဖော်သလဲဆိုတာကိုလည်း စောင့်ကြည့်ပါတယ်။ ဒီလိုလက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ဥပဒေထဲမှာ မပါရင် အသိပညာပေးရတာမှာ အခက်အခဲဖြစ်ပါတယ်။ ဥပမာ အသက် ၁၈ နှစ်အောက်ကလေးတွေ လက်ထပ်ထိမ်းမြားတာ မသင့်တော်ဘူးဆိုတာ မပါပါဘူး။ ဒီဟာက ကျန်းမာရေးရှုထောင့်၊ ပညာရေးရှုထောင့်၊ ကြိုက်တဲ့ရှုထောင့်က ကြည့်ကောင်းတာ မတွေ့ရပါဘူး။ ဒါပေမယ့် ဥပဒေထဲမှာမပါတော့ အခက်အခဲဖြစ်ပါတယ်။ ဒါတွေပါလာတော့ အများကြီး အထောက်အပံ့ဖြစ်ပါတယ်။ ပိုကောင်းတာက အခု ဥပဒေမှာက တိကျတဲ့ အချက်အလက်တွေ ပါတဲ့အတွက်ကြောင့် ဒီဥပဒေကိုကိုင်ပြီး သေချာလုပ်လို့ရပါပြီ။ အရင်ဥပဒေမှာ မပါတဲ့အခါ အလုပ်လုပ်တော့မယ်ဆိုရင် ဥပဒေ ငါးခုလောက်ကို ဆက်စပ်ပြီး တွဲကြည့်ရတာမျိုး ရှိတယ်။ အခုဥပဒေမှာ ပါလာတဲ့အခါကျတော့ အလုပ်လုပ်တဲ့အခါ၊ လက်တွေ့အကောင်အထည်ဖော်တဲ့အခါ အများကြီး အထောက်အကူဖြစ်ပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **အရင် ဥပဒေတွေကို ဆက်စပ်ပြီး ကြည့်ရတယ် ဆွေးနွေးသွားပါတယ်။ ကလေးမုဒိမ်းမှုအတွက် ပြစ်မှုဆိုင်ရာ ဥပဒေမှာလည်း ပါတယ်။ အခု ကလေးသူငယ်အခွင့်အရေး ဥပဒေမှာလည်း ပါတယ်။ ဆရာမတို့ ဥပဒေရှုထောင့်အနေနဲ့ ဥပဒေတွေ Conflict မဖြစ်အောင် ဘယ်လိုထိန်းညှိရပါသလဲ။**

**ဒေါက်တာသီတာစန်း** ။ ။ အခုဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၁၁၉ မှာ ပါပါတယ်။ ဒီကလေးသူငယ်နဲ့ ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူကို ဒီဥပဒေအရပဲ အရေးယူမယ်။ အဲဒီတော့ Criminal Procedure အရ ကြည့်စရာမလိုတော့ဘူး။ အခုဥပဒေကိုပဲ ကြည့်ရမှာ ဖြစ်ပါတယ်။ နည်းဥပဒေနဲ့ ပတ်သက်ပြီးတော့လည်း ဖြည့်စွက်ပြီး ဆွေးနွေးချင်ပါတယ်။ နည်းဥပဒေကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနကပဲ အကောင်အထည်ဖော်ရမှာပါ။ ဥပဒေထဲက သတ်မှတ်ချက်များနဲ့အညီဆိုတဲ့ ကိစ္စအားလုံးကို နည်းဥပဒေမှာ လာပြီး သတ်မှတ်မှာဖြစ်ပါတယ်။ တစ်ခါတလေ အမိန့်ကြော်ငြာစာနဲ့ ထုတ်မယ်၊ လုပ်ထုံး လုပ်နည်းပါမယ်။ နည်းဥပဒေမှာ အကောင်အထည်ဖော်မှုကို အသေးစိတ်ဖော်ပြရပါတယ်။ နည်းဥပဒေရေးဆွဲခြင်းကလည်း ဥပဒေရေးဆွဲသလိုပါပဲ။ နည်းဥပဒေရေးဆွဲပြီး နောက်ဆုံး

**မွေးစာရင်းနှင့် နိုင်ငံသား ဖြစ်မှုသည် တိုက်ရိုက် ပတ်သက်မှုမရှိ။**

**“နိုင်ငံသားဖြစ်ခွင့်ကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်သာ ဆုံးဖြတ်သည်”**

Final Draft ကို ကျွန်မတို့ရုံးကို ပို့ပါတယ်။ ကျွန်မတို့က စိစစ်ပေးမယ်၊ စိစစ်ပြီး နည်းဥပဒေကြမ်းဟာ အစိုးရနဲ့ သဘောတူညီချက်နဲ့ပဲ ထုတ်ရတာဖြစ်တဲ့အတွက် Cabinet တင်ရပါတယ်။ အစိုးရသဘောတူတဲ့အခါ သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုးပြီးတော့ ထုတ်ပြန်ပါတယ်။ ထုတ်ပြန်ပြီးတဲ့အခါ နည်းဥပဒေကို လွှတ်တော်ကို တင်ပြရပါတယ်။ တကယ်တော့ ဥပဒေပြုခွင့် အာဏာက လွှတ်တော်မှာပဲ ရှိတာပါ။ လွှတ်တော်က ဝန်ကြီးဌာနကို Delegate လွှဲလိုက်တာပါ။ လွှဲလိုက်တာမို့ ဝန်ကြီးဌာနတွေက နည်းဥပဒေပြုခွင့်ရသွားတယ်။ သို့သော်လည်းပဲ သက်ဆိုင်ရာ လွှတ်တော်ကိုပဲ ပြန်ပြီးတင်ပြရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ရောက်ရှိလာတဲ့ နည်းဥပဒေကို ဖတ်ကြပါတယ်။ ဖတ်ပြီး ရေးဆွဲလိုက်တဲ့ နည်းဥပဒေဟာ သူ့ရဲ့မိခင်ဥပဒေနဲ့ ကိုက်ညီမှုရှိလား၊ ကွဲလွဲမှုရှိလားဆိုတဲ့အချက်တွေကို ကြည့်ပြီး သက်ဆိုင်ရာတွေခေါ်ပြီး ဆွေးနွေးပါတယ်။ ကိုက်ညီမှုမရှိတာရှိရင် ပြင်ဆင်တဲ့ နည်းဥပဒေ ထပ်ထွက်ရပါတယ်။ ဒီလုပ်ငန်းစဉ်နဲ့ပဲ လုပ်ကိုင်ရတယ်ဆိုတဲ့အကြောင်း ရှင်းပြချင်တာပါ။

**ဒေါက်တာစန်းစန်းအေး** ။ ။ ကျွန်မတို့ ပြည်ထောင်စုဝန်ကြီးကလည်း တိုက်တွန်းတာ ရှိပါတယ်။ ဥပဒေပြဋ္ဌာန်းပြီး နည်းဥပဒေကို ခြောက်လအတွင်း ထွက်နိုင်ဖို့ပါ။ ဥပဒေအပေါ်မှာ စိတ်ဝင်တစားနဲ့ အကြံပြုကြတဲ့အတွက် ပြည်သူလူထုကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ ဒီအချက်တွေကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် သက်ဆိုင်ရာဥပဒေရဲ့အကြောင်း တစ်ချက်ချင်းအလိုက် လိုအပ်တဲ့ နည်းဥပဒေတွေကို ပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းတဲ့အခါမှာလည်း ဥပဒေရေးဆွဲတုန်းကလိုပဲ ဆောင်ရွက်သွားရမှာပါ။ သက်ဆိုင်ရာ ကဏ္ဍအသီးသီးကို ဖိတ်ကြားရမှာဖြစ်ပါတယ်။ ပြီးရင် ရှေ့နေချုပ်ရုံးကို ပို့မယ်။ ပြီးရင်တော့ လွှတ်တော်ကို ပို့ပြီး အမြန်ဆုံးဆောင်ရွက်နိုင်ဖို့ပါ။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးရရင် ဒီဥပဒေနဲ့အတူ ပြစ်မှုပြစ်ဒဏ်တွေလည်း မကြာခင်ထွက်လာတော့မှာပါ။ ဒါကိုလည်း လေ့လာပေးစေချင်ပါတယ်။ ဒီဥပဒေတစ်ခုတည်းနဲ့ သုံးလို့ရအောင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို ရှေ့နေချုပ်ရုံးကလည်း သေချာစိစစ်ပေးထားပါတယ်။ ဒီဥပဒေမှာ ပြစ်မှုပြစ်ဒဏ်ပုဒ်မတစ်ခု ထည့်ထားပါတယ်။ ပုဒ်မ ၁၀၈ ပါ။ ဆိုလိုတဲ့သဘောက သက်ငယ်မုဒိမ်းမှုဖြစ်တယ်၊ မုဒိမ်းမှုတွေဖြစ်တယ်ဆိုရင် တည်ဆဲဥပဒေတွေနဲ့ အမြင့်ဆုံးပြစ်ဒဏ်ကို ပေးဖို့ကို လုပ်ထားပါတယ်။ ဒီအတွက်ကိုလည်း နည်းဥပဒေမှာ ဆက်လက်ပြီး ဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် ပြည်သူလူထုကို အကြံပေးကြပါလို့ ပြောကြားချင်ပါတယ်။

**ကိုယ့်နိုင်ငံမှာရှိတဲ့ ကလေးတွေအားလုံးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေဖြစ်တာမို့ ပူးပေါင်းစေချင်**

**ဒေါက်တာအောင်ထွန်းသက်** ။ ။ ဥပဒေဆိုတာ လူဆွဲတာပါ။ လူဆွဲတဲ့ဥပဒေဖြစ်တာမို့ အားလုံးပြီးပြည့်စုံဖို့ ရှိနိုင်မှာတော့ မဟုတ်ဘူး။ ဒါပေမယ့် တတ်နိုင်သမျှ အကောင်းဆုံး ထည့်သွင်းပြီးတော့ ဥပဒေကြမ်း ထွက်လာပါတယ်။ ဒီဥပဒေက ဘာကြောင့်လဲဆိုတဲ့အချက်ကို စဉ်းစားရမယ်၊ သတိထားရမယ်။ ဘာကြောင့်လဲဆိုတော့ ကလေးသူငယ်နဲ့ ကလေးသူငယ်တွေရဲ့ အခွင့်အရေးကို ကာကွယ်ရမယ်။ ဘာကြောင့်ကာကွယ်တာလဲဆိုရင်တော့ ကိုယ့်အတွက် မဟုတ်ဘူး။ နိုင်ငံအတွက်လည်း မဟုတ်ဘူး။ ကလေးတွေရဲ့ အကောင်းဆုံး အကျိုးစီးပွားအတွက်ဖြစ်အောင် ဆောင်ရွက်ကြရမယ်။ ဒါကြောင့် ဒီဥပဒေအတွက် အမှုမဲ့အမှတ်မဲ့မနေဘဲ အားလုံးပါဝင်ပေးကြပါ။ ကိုယ့်မှာ ကလေး မရှိလို့ ကိုယ်နဲ့မဆိုင်ဘူးလို့ မတွေးဘဲ ကိုယ့်နိုင်ငံမှာရှိတဲ့ ကလေးတွေ အားလုံးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေဖြစ်တာမို့ ပူးပေါင်းစေချင်ပါတယ်။ တကယ်တမ်းတော့ ပီတိဖြစ်ရပါတယ်။ အားလုံးက ကလေးတွေအတွက် ဘာလုပ်ကြမလဲဆိုတာ လူ့အဖွဲ့အစည်းတစ်ခုရဲ့တန်ဖိုးတစ်ခုပါ။ လူ့အဖွဲ့အစည်းတစ်ခုရဲ့တန်ဖိုးကို သတ်မှတ်တဲ့အခါ ကလေးတွေကို ဘယ်လောက်စောင့်ရှောက်လဲဆိုတာ ကြည့်တယ်ဆိုတာကို သတိပေးချင်ပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **ဆွေးနွေးချက်တွေက ပြည့်ပြည့်စုံစုံနဲ့ မသိသေးတာတွေကိုလည်း ရှင်းရှင်းလင်းလင်း သိခဲ့ရပါတယ်။ ဒီနေ့ ပါဝင်ဆွေးနွေးခဲ့ကြပေးတဲ့အတွက် ဆရာ ဆရာမ အားလုံးကို ကျေးဇူးတင်ပါတယ်။**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး The Global New Light of Myanmar သတင်းစာတိုက်စာတည်းအဖွဲ့နှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၆

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယဝန်ကြီးသည် ဖိုတိုလစ်သိုစက်ရုံအတွင်း ပြည်ပမှ ဝယ်ယူရောက်ရှိပြီးဖြစ်သည့် Sakurai (4) Unit Sheet Fed ပုံနှိပ်စက်သစ်ကြီး တပ်ဆင်နေမှု၊ CTP စက်သစ်၊ လာမည့်ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရန် စီစဉ်ထားရှိမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက္ကူလုံးသိုလှောင်ရုံ၊ ပုံနှိပ်စက်ခန်းနှင့် စာအုပ်ချုပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် The Global New Light of Myanmar သတင်းစာတိုက်ရှိ သတင်းခန်း၌ စာတည်းအဖွဲ့နှင့် တွေ့ဆုံပြီး သတင်းစာအရည်အသွေး ဘက်စုံတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဝန်ထမ်းများ ထူးချွန်ထက်မြက်အောင် သတင်းဝါသနာအခြေခံ၍ အာရုံစူးစိုက်ကြိုးစားဆောင်ရွက်ရေးတို့ကို မှာကြားပြီး စာတည်းအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တာမွေမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံသည် ရာသီတုပ်ကွေးရောဂါဖြစ်ပွားနှုန်းနည်းပြီး အိမ်နီးချင်းနိုင်ငံများတွင် တရုတ်နိုင်ငံ၌ အများဆုံးဖြစ်ပေါ်

ရန်ကုန် ဇူလိုင် ၆

**အပူပိုင်းဇုန် အိမ်နီးချင်းနိုင်ငံများတွင် ပါဝင်သော မြန်မာနိုင်ငံ၏ ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ဖြစ်ပွားနှုန်းသည် ယခုအခါတွင် အခြားနိုင်ငံများအောက် ဖြစ်ပွားနှုန်းနည်းနေသေးသောနိုင်ငံများတွင် ပါဝင်နေပြီး တရုတ်နိုင်ငံသည် ဖြစ်ပွားမှုအများဆုံး ဖြစ်ပေါ်နေကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။**

"ဒီရာသီ တုပ်ကွေးရောဂါဖြစ်လို့ စိုးရိမ်စရာမရှိပါဘူး။ A(H1N1)pdm 09 ဖြစ်ပွားသူတွေလည်း ရှိနေသလို သေဆုံးသူတွေကလည်း ရှိနေတယ်။ ဒီလိုရှိနေပေမယ့် အိမ်နီးချင်းနိုင်ငံတွေရဲ့ လူနေထိုင်မှုနဲ့ ဖြစ်ပွားနှုန်းတွေကို မြန်မာနိုင်ငံရဲ့နေထိုင်တဲ့ လူဦးရေနဲ့ ဖြစ်ပွားနှုန်းတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် မြန်မာနိုင်ငံဟာ ဖြစ်ပွားနှုန်း နည်းနေသေးတဲ့ နိုင်ငံတွေထဲမှာ ပါဝင်နေပါတယ်။ အရှေ့တောင်အာရှမှာဆိုရင် ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနိုင်ငံတွေရဲ့ လူဦးရေအချိုးနဲ့ ဖြစ်ပွားနှုန်းဟာ မြန်မာနိုင်ငံနဲ့ ကိုက်ညီနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဖြစ်ပွားနှုန်း နည်းနေသေးတဲ့ နိုင်ငံတွေမှာ ပါဝင်နေပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ခင်ကြီးက ပြောသည်။

လက်ရှိတွင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ A(H1N1)pdm 09 ဖြစ်ပွားနှုန်းသည် တရုတ်နိုင်ငံတွင် နေထိုင်လူဦးရေခန့်မှန်း ၁၄၃၄ သန်းခန့်၌ ၅၅၁၀၀ ဖြစ်ပွားနေကြောင်း၊ အိန္ဒိယနိုင်ငံတွင် နေထိုင်လူဦးရေ ခန့်မှန်း ၁၃၆၆ သန်းတွင် ၅၆၈၄ ဦး ဖြစ်ပွားနေကြောင်း၊ ဘရာဇီးနိုင်ငံတွင် နေထိုင်လူဦးရေ ခန့်မှန်း ၁၉၃ သန်းတွင် ၈၄၆ ဦး ဖြစ်ပွားနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်လူဦးရေ ခန့်မှန်း ၁၆၃ သန်းတွင် ၂၆၂ ဦး ဖြစ်ပွားနေကြောင်း၊ ထိုင်းနိုင်ငံတွင် နေထိုင်လူဦးရေခန့်မှန်း သန်း ၇၀ တွင် ၁၄၈ ဦး ဖြစ်ပွားနေကြောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်လူဦးရေ ၅၂ သန်း၌ ၁၅၀ ဖြစ်ပွားနေကြောင်း၊ သြစတြေးလျနိုင်ငံတွင် နေထိုင်လူဦးရေ ၂၅ သန်း၌ ၆၄၂ ဦး ဖြစ်ပွားနေကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် နေထိုင်လူဦးရေ ခန့်မှန်း ၁၆ သန်းရှိရာ ဖြစ်ပွားသူ ၈၈ ဦး ရှိကြောင်း၊ လာအိုနိုင်ငံတွင် နေထိုင်လူဦးရေခန့်မှန်း ခုနစ်သန်းရှိရာ ဖြစ်ပွားသူ ၁၉၂ ဦးရှိကြောင်း၊ နယူးဇီလန်နိုင်ငံတွင် နေထိုင်လူဦးရေ ငါးသန်းရှိရာ ဖြစ်ပွားမှုမရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

"အသက် ခြောက်လမှ ငါးနှစ်၊ အသက် ၆၅ နှစ်အထက်အရွယ် သေဆုံးမှု ပိုများတာရှိနေကြောင်း၊ ရောဂါအခံရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ ဂရုပြုရန်လိုကြောင်း၊ ကပ်ရောဂါဘေးဆိုးလည်း မဟုတ်ကြောင်း၊ ရာသီတုပ်ကွေးရောဂါနှင့် သေဆုံးသူများသည် ရန်ကုန်ဒေသကြီးတွင် ၂၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် သုံးဦး၊ မွန်ပြည်နယ်တွင် တစ်ဦးဖြစ်ပြီး ရာသီတုပ်ကွေးတွေ့ရှိမှု ကချင်၊ ကယား၊ ကရင်ပြည်နယ်တို့တွင် မရှိကြောင်း၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း တွေ့ရှိရကာ ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးဖြစ်နေကြောင်း၊ နေပြည်တော်ခုတင် ၁၀၀၀၊ သဃ်န်းကျွန်း၊ စံပြ၊ မန္တလေး၊ မြစ်ကြီးနား၊ စစ်တွေ၊ မြဝတီ၊ မူဆယ်ဆေးရုံများတွင် စောင့်ကြည့်စစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်နေပြီး ဇူလိုင် ၃ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ဝယ်ယူထားသည့် ရာသီတုပ်ကွေး ကုသကာကွယ်ဆေးအရေအတွက် ၂၄၀၀၀၀ ရောက်ရှိပြီးဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီးမှ အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာမိုးမိုးစမ်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ၌ ပြုလုပ်သော ဆေးပညာပြန့်ပွားရေး အစီအစဉ်ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲတွင် တုပ်ကွေးရောဂါဖြစ်ပေါ်ရခြင်း၊ မဖြစ်ပေါ်မီကြိုတင်ကာကွယ်မှုပြုလုပ်ခြင်း၊ ဖြစ်ပေါ်ပါက ကုသမှုခံယူပုံများကို အသိပညာပေး ဆွေးနွေးဟောပြောရာတွင် ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမာမြို့၌ ကမ်းပြိုနေသောကြောင့် ရွှေ့ပြောင်းရမည့်အိမ် ၃၂ လုံးအတွက် ထောက်ပံ့ငွေများပေးအပ်

**အမာ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ နောက်မီးကျေးရွာအုပ်စု ဦးပေကျေးရွာ၌ ချောင်းကမ်းပါးပြိုကျနေမှုကြောင့် အိမ်များ ရွှေ့ပြောင်းနေထိုင်ဆောက်လုပ်နိုင်ရေးအတွက် ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများမှ ယမန်နေ့က နယ်မြေကွင်းဆင်းကြည့်ရှုပြီး ထောက်ပံ့ငွေများပေးအပ်၍ သဘာဝဘေးအန္တရာယ်လျော့ပါးရေး ပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီသီချို၊ ဖျာပုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ရုံးတာဝန်ခံ မြို့နယ် အလုပ်အမှုဆောင် ဦးတင်အောင်ဝင်းနှင့်အဖွဲ့၊ နောက်မီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရင်စိန်တို့သည် ဦးပေကျေးရွာသို့ ရောက်ရှိပြီး ဦးပေချောင်းရေတိုးမှုကြောင့် တဖြည်းဖြည်းကမ်းပြိုကျနေမှုကိုကြည့်ရှုသည်။ ကမ်းပြိုကျနေသောကြောင့် ကမ်းစပ်တွင် ဆောက်လုပ်နေထိုင်သည့် အိမ် ၃၂ လုံးမှ အိမ်ထောင်စုများ ပြောင်းရွှေ့နေထိုင်ဆောက်လုပ်မည့် မြေနေရာများကို ကြည့်ရှုခဲ့ပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စု ၃၂ စုအား အိမ်ထောင်စုတစ်စုလျှင် အိမ်ဆောက်လုပ်ရန် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ စီနှင့် ဆန်ဖိုးငွေများ စုစုပေါင်း ကျပ် ၁၈၉၁၉၀၀ ကို မိသားစုများ လက်ထဲအရောက် ထောက်ပံ့ပေးခဲ့သည်။ ယင်းနောက် ဒေါ်သီသီချိုက သဘာဝဘေးအန္တရာယ် လျော့ပါးစေရေး အကြောင်း သိမှတ်စရာများကို ဆွေးနွေးဟောပြောခဲ့ပြီး သဘာဝဘေးလျော့ပါးရေးပိုစတာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ဦးပေချောင်းရေများ တိုက်စားမှုကြောင့် ကမ်းပြိုကာကမ်းစပ်တွင် ဆောက်လုပ်နေထိုင်သည့် အိမ်ထောင်စုများ အန္တရာယ်ရှိလာနိုင်သောကြောင့် ဒေသခံတာဝန်ရှိသူများက ကမ်းနှင့် ဝေးရာတွင် မြေကွက်များစီစဉ်ပေးပြီး ရွှေ့ပြောင်းဆောက်လုပ်နိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။



ချောင်းရေတိုက်စားမှုကြောင့် ကမ်းပြိုကျမှုများအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဇော်နိုင်လင်း နှင့် ဝန်ထမ်းများသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ပေါက်ပွားစေသည့် ပိုးလောက်လမ်းစား ဒေါင်းငါးမျိုးများ ဖြန့်ဝေပေးအပ်ပွဲကို ဇူလိုင် ၄ ရက်က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဒေါင်းငါးမျိုးများ ဖြန့်ဝေပေးအပ်ရာတွင် အင်းစိန်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ နေအိမ်များနှင့် ရေလှောင်ကန်၊ ရေတွင်း၊ ရေစည်များရှိ ခြင်၊ ပိုးလောက်လမ်းစား ဒေါင်းငါးကောင်ရေ ၄၀၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က တာဝန်ရှိသူများအား ရပ်ကွက်များအတွင်း ပြန်လည်ဖြန့်ဝေပေးရန် ပေးအပ်ခဲ့သည်။

ထို့အပြင် မှော်ဘီမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် ဒေါင်းမျိုးငါးများကို ဖြန့်ဝေပေးရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်လင်း**

*❀ကျောဖုံးမှ*

အသစ် တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် တရုတ်နိုင်ငံဘက်သို့ အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံ အလုပ်သမားများနှင့် အလည်အပတ်သွားသူများ ယခင်ထက် ဝင်/ထွက်သွားလာနေမှု ပိုမိုမြန်ဆန်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ် အဝင်/အထွက် နယ်စပ်ဂိတ်များဖြစ်သည့် နန်းတော်ဂိတ် (အလယ်ပေါက်)၊ ဆင်ဖြူဂိတ်နှင့် မန့်ဝိန်းဂိတ် စုစုပေါင်း ဂိတ်သုံးခုရှိပြီး ယခုဂိတ်သစ်သည် (ဆင်ဖြူဂိတ်)ကို တိုးချဲ့ဆောင် ဖွင့်လှစ်ခြင်းဖြစ်သည်။ ယခုထပ်မံတိုးချဲ့သည့် ဂိတ်အသစ်မှ မူဆယ်မြို့မှ ရိုးရိုးစာအုပ်ဖြင့် အထွက်ပေါက်တစ်ခု၊ Smart Card ဖြင့် အထွက်ပေါက်တစ်ခုနှင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ အဝင်ပေါက်တစ်ခု စုစုပေါင်းသုံးခုဖြင့် ပိုမိုမြန်ဆန်ရန် သီးသန့်စီခွဲခြားထားသည်။ နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် မန့်ဝိန်းဂိတ်တွင်လည်း ဂိတ်အသစ်တစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရန် တရုတ်နိုင်ငံဘက်မှ စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

# ငါးသိုင်းချောင်းမြို့၌ လေဘေးနှင့် ကမ်းပြိုဘေးသင့်နေအိမ်များအတွက် ထောက်ပံ့

**ငါးသိုင်းချောင်း ဇူလိုင် ၆**


ရေကြည်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူများသည် ဇူလိုင် ၆ ရက် နံနက် ၁၁ နာရီခွဲက ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇူလိုင် ၂ ရက်နှင့် ၅ ရက်က ဝေန်မြစ်ကမ်းပြိုအန္တရာယ်ကြောင့် ရေကျော်ကျေးရွာရှိ ပြောင်းရွှေ့နေအိမ် နှစ်လုံးအတွက် တစ်လုံးလျှင် အိမ်ဆောက် ပစ္စည်းဖိုးငွေကျပ် ၁၀၀၀၀၀နှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၆၃၀၀ နှုန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ဇူလိုင် ၄ ရက်က လေဘေးသင့်မှုကြောင့် ပျက်စီးခဲ့သော ကျောင်းစုကျေးရွာရှိ နေအိမ်တစ်လုံး၊ ကျုံတာကျေးရွာရှိ နေအိမ်တစ်လုံး၊ ကွဲလမ်းကျေးရွာရှိ နေအိမ်နှစ်လုံးတို့အတွက် အိမ်ဆောက်ပစ္စည်း တန်ဖိုး ငွေကျပ် ၁၀၀၀၀၀၊ တစ်ပတ်စာ ဆန်ရိက္ခာဖိုးနှင့် ပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းပုံးတစ်ပုံးစီကို သဘာဝဘေးသင့်ပြည်သူများလက်ဝယ်သို့ အရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံယဉ်ကျေးမှုဒေသမှ စူဠာမဏိစေတီတော်အား တွေ့ရစဉ်။ ဓာတ်ပုံ-သီဟစည်သူ



ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံယဉ်ကျေးမှုဒေသမှ အာနန္ဒာအုတ်ကျောင်း၌ ရေးဆွဲထားသည့် နံရံဆေးရေးပန်းချီ အနုလက်ရာများကို တွေ့ရစဉ်။ ဓာတ်ပုံ-သီဟစည်သူ

❍ ရှေ့ဖုံးမှ

**ကမ္ဘာတည်သရွေ့ တည်ရှိနိုင်စေရန်**

မြန်မာနိုင်ငံတွင် ပုဂံခေတ်မှစတင်၍ ထေရဝါဒဗုဒ္ဓဘာသာကို စတင် ယုံကြည်ကိုးကွယ်ခဲ့သည်။ ဘာသာရေးကိုအခြေခံ၍ ပုဂံခေတ်ကိုယ်ပိုင်ဟန်ဖြင့် တည်ရှိခဲ့သော ရှေးဟောင်း အဆောက်အအုံများ၏ ဗိသုကာလက်ရာ၊ အင်္ဂတေပန်း၊ နံရံပန်းချီစသည့် စေတီ၊ ပုထိုးနှင့် အဆောက်အအုံများကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းစောင့်ရှောက်နိုင်ရန်၊ ကမ္ဘာတည်သရွေ့ တည်ရှိနိုင်စေရန် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး တင်သွင်းဆောင်ရွက်ကြခြင်းလုပ်ငန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဒေသခံပုဂံချစ်သူများ၊ နှလုံးသားထဲမှ ပုဂံဓာတ်ပုံအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

**ပုဂံခေတ် ကိုယ်ပိုင်ဟန်ဖြင့် တည်ရှိခဲ့သော ရှေးဟောင်းအဆောက်အအုံများ၏ ဗိသုကာလက်ရာ၊ အင်္ဂတေပန်း၊ နံရံပန်းချီစသည့် စေတီ၊ ပုထိုးနှင့် အဆောက်အအုံများကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းစောင့်ရှောက်နိုင်ရန်၊ ကမ္ဘာတည်သရွေ့ တည်ရှိနိုင်စေရန် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး တင်သွင်းဆောင်ရွက်**




(၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ယူနက်စကိုဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်ဇေယျ ဦးဆောင်သောအဖွဲ့အား တွေ့ရစဉ်။



(၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေး၌ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်သည့်အတွက် ဝမ်းသာပျော်ရွှင်နေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပူးပေါင်းအားပေးသည့် မြန်မာအဖွဲ့တို့ကို တွေ့ရစဉ်။

**၂၀၁၄ ခုနှစ်က စတင်၍ဆောင်ရွက်**

ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေး လုပ်ငန်းများဖြစ်သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စီမံခန့်ခွဲရေးဆိုင်ရာ အစည်းအဝေးများ၊ စာတွဲပြုစုရေးသားရေးဆိုင်ရာ အစည်းအဝေးများ၊ GIS Data ကောက်ယူရေးလုပ်ငန်းများ၊ သုတေသနဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ ပြတိုက်သုတေသနပိုင်းဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ်ကတည်းက စတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများ**

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကို တည်ရှိနေဆဲဖြစ်သော(သို့မဟုတ်) ကွယ်ပျောက်သွားခဲ့သော ယဉ်ကျေးမှုဓလေ့(သို့မဟုတ်) မြို့ပြယဉ်ကျေးမှုတစ်ခု၏ အတုမရှိမှု (သို့မဟုတ်) ပြယုဂ်တစ်ခုအနေဖြင့် ကျန်ရှိနေမှု၊ လူ့သမိုင်းတွင် သိသာထင်ရှားရသော အဆင့်အတန်း (သို့မဟုတ်) ထိုထက်ပိုစွာဖော်ပြပေးသော အဆောက်အအုံပုံစံများ၊ ဗိသုကာလက်ရာ နည်းပညာဆိုင်ရာ အစိတ်အပိုင်းများ၊ ရေမြေဒေသများ၊ လူသားအားလုံး အသိအမှတ်ပြုလက်ခံနိုင်သော အရေးပါထင်ရှားမှုများ၊ ရှင်သန်နေဆဲထုံးဓလေ့များ၊ အတွေးအခေါ်များ၊ ယုံကြည်မှု၊ အနုပညာ၊ စာပေလက်ရာများဖြင့် ဆက်စပ်ဖြစ်ပျက်ခဲ့မှုများ စသည့် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများဖြင့် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

## မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။ **မိုး/ဇလ**

နေပြည်တော် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ ကွင်းအမှတ် ၁၈၂၃ တွင် ဇူလိုင် ၅ ရက်က ထိုင်းကောက်မျိုးနှစ်ပါးစိုက်ခင်း စံကွက်ရိတ်သိမ်းရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



# ပျဉ်းမနားမြို့တွင် မာရသွန်အပြေးပြိုင်ပွဲ ကျင်းပမည်

**ပျဉ်းမနား ဇူလိုင် ၆**

မျိုးဆက်သစ်လူငယ်များ ကျန်းမာကြံ့ခိုင် သန်မာစေပြီး အားကစားလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် "စိုး" လျှပ်စစ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် ပျဉ်းမနားမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်မင်းထွန်း(မိသားစု)က မာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပရေး ညှိနှိုင်းဆွေးနွေးခြင်းကို ဇူလိုင် ၅ ရက်က "စိုး" လျှပ်စစ်ဖောင်ဒေးရှင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

မာရသွန်အပြေးပြိုင်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၅ နာရီတွင် ဘောဂသီရိ ကားဝင်းအနီး ပန်းမြိုင်လယ်ဥယျာဉ်ရှေ့တွင် စုရပ်ပြုကာ နံနက် ၆ နာရီတွင် စတင်တာလွှတ်မည်ဖြစ်ပြီး ရာဇဌာနီလမ်း တစ်လျှောက် အဆင့်အလိုက် သတ်မှတ်နေရာများမှ ပြန်လှည့်ကာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း စုရပ်နေရာသို့ ပြန်လည် တာဝင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အကြီးတန်း လက်ရွေးစင်အဆင့်၊ အလွတ်တန်း၊ အလတ်တန်း အသက် (၁၈)နှစ်မှ (၄၀)နှစ် အပျော်တန်းအဆင့်၊ အငယ်တန်း အသက်(၁၈) နှစ်အောက် အဆင့်ဟူ၍ သတ်မှတ်ထားသည်။

ဆုများအနေဖြင့် အကြီးတန်း Professional Level ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသိန်း ချီးမြှင့်မည်ဖြစ်ပြီး၊ အပျော်တမ်း အသက် (၁၈)နှစ်မှ (၄၀) နှစ်ကြား တန်းဝင်သူ (၁ မှ ၁၀ ဦး)အား မော်တော်ဆိုင်ကယ်ဆုများ ဂုဏ်ပြုချီးမြှင့်ခြင်း၊ အသက်(၁၈) နှစ်အောက် မျိုးဆက်သစ်တန်း တန်းဝင်သူ(၁မှ ၅၆ ဦး)အား စက်ဘီးဆုများ ချီးမြှင့်ခြင်း၊ တန်းဝင်သူ အမှတ်စဉ် ၅၇ နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးကိရိယာ ပစ္စည်းများ ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ပါဝင်ယှဉ်ပြိုင်သူအားလုံးကို တီရှပ်အင်္ကျီများ အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ပြိုင်ပွဲဝင်စည်းကမ်းများနှင့် စီမံချက်များ ရေးဆွဲ၍ သက်ဆိုင်ရာများသို့ ဖြစ်မြောက်ရေး တာဝန်ခံများက တင်ပြပြီး Gold Camp မှ အားကစားဝါသနာရှင်များ ကျောင်းပေါင်းစုံမှ အားကစားဝါသနာရှင်များကို အသိပေးကြေညာပေးသွားမည် ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မန္တလေးမြို့၌ ဇူလိုင်လအတွင်း ကျင်းပမည့်ပွဲများ

### မန္တလေးမြို့တွင် ပန်းချီပြပွဲ ကျင်းပမည်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) မှ ကျောင်းသားကျောင်းသူများစုပေါင်းပြသသည့် First Step Art Exhibition ပန်းချီပြပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးရှိ Thiri Art Gallery ပန်းချီပြခန်းတွင် ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးမြို့တွင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအကြောင်း ရှင်းလင်းဆွေးနွေးပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီးပင်စင်ဦးစီးဌာနမှ ဆောင်ရွက်မည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ(Central Provident Fund- CPF) အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(၃)ထပ်ဆောင် အစည်းအဝေးခန်းမတွင် ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးမြို့တွင် စာရင်းကိုင်ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ဆွေးနွေးပွဲကျင်းပမည်

UK နိုင်ငံ၏ အကြီးဆုံးစာရင်းကိုင် ကျွမ်းကျင်ပညာရှင်အဖွဲ့၏ စာရင်းကိုင်ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဟိုတယ်မာဘယ်တွင် ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးမြို့တွင် ပြည်တွင်းပြည်ပ စားသောက်ကုန်နှင့် စားသောက်ကုန်သုံးဆိုင်ရာ ပြပွဲကြီးကျင်းပမည်

ပြည်တွင်းပြည်ပစားသောက်ကုန်နှင့် စားသောက်ကုန်သုံးဆိုင်ရာ ပြပွဲကြီးကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဇူလိုင် ၁၂ ရက်မှ ဇူလိုင် ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးမြို့တွင် ရွှေခါးပတ်ချန်ပီယံလုပွဲစဉ်များ ကျင်းပမည်

Golden Belt Championship 2019 ရွှေခါးပတ်ချန်ပီယံလုဖိုင်နယ်ပွဲစဉ်များကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဒိုင်းမွန်းပလာဇာတွင် ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ရုံဝင်ကြေးအဖြစ် ငွေကျပ်တစ်သောင်း သတ်မှတ်ထားကြောင်း သိရသည်။

### မန္တလေးမြို့တွင် အာဇာနည်နေ့အခမ်းအနားကျင်းပမည်

အာဇာနည်နေ့အခမ်းအနားကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### လူသုံးကုန်နှင့်အလှကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်လှစ်မည်

လူသုံးကုန်နှင့် အလှကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ခုနစ်ရက် ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။**

---

❑ *ကျော့ဖုံးမှ*

မီလာ၊ စိုးမင်းနိုင်တို့မှလွဲ၍ လူစုံအသုံးပြုခဲ့ပြီး ရတနာပုံအသင်းမှာလည်း ပွဲပယ်ခံထားရသည့် အသင်းခေါင်းဆောင် ရဲကိုဦးမှလွဲ၍ လူစုံအသုံးပြုခဲ့သည်။ ညာနောက်ခံလူ သက်နိုင်သည် ဇူလိုင် ၆ ရက်နံနက်ပိုင်းတွင် မိခင်ဖြစ်သူ ကွယ်လွန်ခဲ့သော်လည်း ရတနာပုံအသင်းတွင် ဝင်ရောက်ကစားခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ပွဲဆက်ရန် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၈ မိနစ်တွင် မောင်မောင်လွင်၊ ၁၃၊ ၂၄ မိနစ်တွင် သန်းပိုင်တို့ အပိုင်အခွင့်အရေးများရသော်လည်း အသုံးချနိုင်ခြင်းမရှိ၍ နစ်နာခဲ့ရသည်။ ရတနာပုံအသင်းသည် တိုက်စစ်ရော ခံစစ်ပါ ပုံစံကောင်းရရန် ရုန်းကန်နေရသောကြောင့် ယခုပွဲတွင်လည်း အခွင့်အရေးအနည်းငယ်သာ ရခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းကသာ ဖိကစားနိုင်ခဲ့ပြီး ယခုပွဲတွင် ဂိုးသွင်းခွင့်များကို အသုံးမချနိုင်ခဲ့သည့် သန်းပိုင်က ၆၅ မိနစ်တွင် ပယ်နယ်တီဧရိယာအစပ်မှ တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရန် ကြိုးပမ်းသော်လည်း ရန်ကုန်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို တစ်မှတ်အကွာဖြင့် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်မှူး အီမန်နျူရယ်၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒဂုံအသင်းမှာမူ ဒုတိယအကျော့တွင် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုးများကို ၂၊ ၄၊ ၁၃ မိနစ်တွင် အီမန်နျူရယ်၊ ၅၁ မိနစ်တွင် မက်ဆီမင်တို့က သွင်းယူပြီး ဒဂုံအသင်းအတွက် ချေပဂိုးများကို ၁၇၊ ၅၇ မိနစ်တွင် ပက်ထရစ်က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၄)အပြီးတွင် တန်းဆင်းဇုန်ထဲရောက်သွားသည့် မကွေးအသင်း ပြန်လည်ရုန်းကန်ခဲ့ပြီး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ မကွေးအသင်းအတွက် အနိုင်ဂိုးများကို ၈၆၊ ၉၀+၄ မိနစ်တွင် ဇင်မင်းထွန်းက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၅) ဒုတိယနေ့ကို ဇူလိုင် ၇ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်း၊ ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် Chinland အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

---

◆ *ကျော့ဖုံးမှ*

အကောင်းဆုံးနည်းပြဆုရရှိခဲ့ခြင်း ဖြစ်သည်။ မေ၊ ဇွန်လ အတွက် အကောင်းဆုံးနည်းပြဆုရခဲ့သည့် ဦးအောင်နိုင်ကို ဇူလိုင် ၆ ရက်က တောင်ကြီးကွင်း၌ ကျင်းပသည့် ရှမ်းယူနိုက်တက် နှင့် ဒဂုံပွဲမတိုင်မီ ဆုချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့် ကျပ်တစ်သိန်းရရှိခဲ့သည်။ ယခုရာသီတွင် လအလိုက် အကောင်းဆုံးဆုများကို ဇန်နဝါရီလတွင် ဦးအောင်ကျော်မိုး (ရတနာပုံ)၊ ဖေဖော်ဝါရီ၊ မတ်လတွင် ဦးငွေထွန်း(ဟံသာဝတီ)၊ ဧပြီလတွင် ဦးအောင်ကျော်မိုး (ရတနာပုံ)၊ မေ၊ ဇွန်လတွင် ဦးအောင်နိုင် (ရှမ်းယူနိုက်တက်)တို့က ရရှိခဲ့သည်။ မေ၊ ဇွန်လအတွက် MNL လအလိုက် အကောင်းဆုံးကစားသမားဆုကို ဇူလိုင် ၇ ရက် **(ယနေ့)**ကစားမည့် ပွဲစဉ် (၁၅) ဒုတိယနေ့တွင် ချီးမြှင့်မည်ဖြစ်သည်။

MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၏ ဇွန်လအတွက် အကောင်းဆုံးနည်းပြဆုကို ဦးအောင်နေဝင်း (အား/ကာသိပ္ပံ)၊ ကစားသမားဆုကို ဘုန်းကျော်ဇင်(မြဝတီ)တို့က ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ စတုတ္ထအကြိမ် ကလပ်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

စတုတ္ထအကြိမ် ကလပ်ပေါင်းစုံစစ်တုရင် ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိပ်ညွန့်(စံပြ)ရပ်ကွက် မြို့ပတ်လမ်း သာသနာ့ဝေယျာဝစ္စမ္ဗောဓိရုံ၌ ကျင်းပသည်။ ရှေးဦးစွာ ကျော်ကြားမြောင်းစစ်တုရင် ကလပ်နာယက ပုသိမ်ညွန့်(စံပြ) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေလင်းဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျော်ကြားမြောင်း စစ်တုရင်ကလပ်ဥက္ကဋ္ဌ ဦးဝင်းဌေးက ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ အဆိုပါပြိုင်ပွဲတွင် ရန်ကုန်-မန္တလေး ရောဝတီ-မွန်ပြည်နယ်တို့မှ စုစုပေါင်း ကလပ် ၁၆ သင်း အားကစားသမား ၇၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ထိုပြိုင်ပွဲ၌ ဆုကြေးအဖြစ် ပထမ ငွေကျပ် ၆၅၀၀၀၀၊ ဒုတိယ ငွေကျပ် ၄၅၀၀၀၀၊ တတိယ ငွေကျပ် ၃၀၀၀၀၀၊ စတုတ္ထ ငွေကျပ်နှစ်သိန်း၊ ပဉ္စမ ငွေကျပ်တစ်သိန်းငါးသောင်းခွဲ၊ ဆဋ္ဌမ ငွေကျပ် တစ်သိန်း၊ သတ္တမ ငွေကျပ် ငါးသောင်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

---

## အာဖရိကဖလား ရှုံး/ထွက်အဆင့် ဆီနီဂေါနှင့် ဘီနင်တို့ အနိုင်ရ

**ကိုင်ရို ဇူလိုင် ၆**

အာဖရိကဖလား အုပ်စုပြိုင်ပွဲများကို ဇွန် ၂၁ ရက်တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင်အဖြစ် အီဂျစ်နိုင်ငံတွင် ကျင်းပခဲ့သည်။ ၁၆ သင်း ရှုံး/ထွက်အဆင့်သို့ ရောက်ရှိခဲ့ကာ ဇူလိုင် ၅ ရက် သောကြာနေ့ ညပိုင်းတွင် ရှုံး/ထွက်ပွဲစဉ် ပထမနေ့အဖြစ် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ယှဉ်ပြိုင်ခဲ့ကာ ဆီနီဂေါက ယူဂန္ဓာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မော်ရိုကိုနှင့် ဘီနင်ပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဘီနင်အသင်း အနိုင်ရရှိခဲ့သည်။

ယူဂန္ဓာနှင့် ဆီနီဂေါပွဲတွင် ပွဲချိန် ၁၅ မိနစ်၌ မာနေးက ဆီနီဂေါအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းကို ဦးဆောင်ခဲ့ကာ ဒုတိယပိုင်း ၆၁ မိနစ်တွင် ဆီနီဂေါအသင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့ရာ မာနေးကန်သွင်းခဲ့ပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ပွဲပြီးချိန်တွင် ဆီနီဂေါအသင်းမှာ မာနေး၏ သွင်းဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ **(ယာပုံ)** မော်ရိုကိုနှင့် ဘီနင်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ် ယှဉ်ပြိုင်ရာတွင် ဘီနင်အသင်း အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့ကာ ကွာတားဖိုင်နယ်တွင် ဘီနင်နှင့် ဆီနီဂေါတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာဖရိကဖလားပြိုင်ပွဲကြီးကို ၁၉၅၇ခုနှစ်တွင် အိမ်ရှင်အဖြစ် ဆူဒန်နိုင်ငံတွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး ယင်းနှစ်တွင် အီဂျစ်အသင်းက ဖိုလ်စွဲခဲ့သည်။ သုံးနှစ်တစ်ကြိမ် ယှဉ်ပြိုင်ခဲ့သည့် အာဖရိကဖလား လက်ရှိချန်ပီယံမှာ ကင်မရွန်းအသင်းဖြစ်ပြီး ဖိုလ်လုပွဲတွင် အီဂျစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အီဂျစ်အသင်းသည် ဖလားခုနစ်ကြိမ် ရရှိထားသည့် အအောင်မြင်ဆုံးအသင်းဖြစ်ပြီး ဒုတိယနေရာတွင် ငါးကြိမ်ဖြင့် ကင်မရွန်းအသင်း ရပ်တည်နေကာ



ဂါနာ လေးကြိမ်နှင့် နိုင်ဂျီးရီးယား သုံးကြိမ် ရရှိထားသည်။

၂၀၁၉ အာဖရိကဖလား ၁၆ သင်းအဆင့် ပွဲစဉ်များကို ဇူလိုင် ၈ ရက်အထိ အပြီးသတ်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကွာတားဖိုင်နယ်ကို ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ကာ ဇူလိုင် ၁၄ ရက်တွင် အကြိုဖိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဇူလိုင် ၁၇ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် နောက်ဆုံးဖိုလ်လုပွဲကြီးကို ဇူလိုင် ၁၉ ရက်တွင် ကိုင်ရိုမြို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟ**

# ရေဦးမြို့ဈေးအတွင်းရှိ ရွှေဆိုင်နှစ်ဆိုင်တွင် ရွှေအတုလာရောက်ပေါင်နှံသူများအား ဖမ်းဆီးရမိ

**ရေဦး ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့တွင် ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲ နှင့် နံနက် ၁၀ နာရီက ရေဦးမြို့စည်ပင်သာယာဈေး အတွင်းရှိ ရွှေဆိုင်နှစ်ဆိုင်တွင် ရွှေအတု လာရောက်ပေါင်နှံသူများအား ဖမ်းဆီးရမိခဲ့ကြောင်း ရေဦးမြို့မရဲစခန်းမှူး ဒုရဲမှူး ထိုက်လင်းစိုးထံမှ သိရသည်။

ရေဦးမြို့တွင် ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲက စည်ပင်သာယာဈေးအတွင်းရှိ ရေဦးမြို့ အောင်ဆန်းရပ်ကွက်နေသူ ဦးဇော်မျိုးအောင်၏ ရွှေဇမ္ဗူ ရွှေရတနာရောင်းဝယ်ရေးဆိုင်၌ ရွှေပြည်သာရပ်ကွက်တွင် နေထိုင်သူ မမြင့်ဆိုသူ ရောက်ရှိလာပြီး MC ရွှေဆွဲကြိုးတစ်ကုံးနှင့် OK ရွှေဆွဲသီး တစ်လုံးကို ငွေကျပ် ၁၀ သိန်းဖြင့် ပေါင်နှံလိုကြောင်း ပြောကြားသဖြင့် ငွေကျပ် ၁၀ သိန်း ပေးလိုက်ကြောင်း သိရသည်။

အလားတူ မမြင့်နှင့်အဖွဲ့သည် ယင်းနေ့ နံနက် ၁၀ နာရီခန့်က ရေဦးမြို့ အောင်ဆန်းရပ်ကွက်နေသူ ဦးဝင်းဇော်မိုး၏ ဦးသန်းထွန်းမိသားစု ရွှေရတနာရောင်းဝယ်ရေးဆိုင်သို့ ရွှေအတုများကို ငွေကျပ်ခုနစ်သိန်းဖြင့် ပေါင်နှံရာ မသင်္ကာသဖြင့် အပေါင်ခံထားသည့် ရွှေဆွဲကြိုးနှင့် ရွှေဆွဲသီးကို စစ်ဆေးကြည့်ရာ အတုများဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရဲစခန်းသို့ တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ရဲတပ်ဖွဲ့ဝင်များက မမြင့်ဆိုသူအား လိုက်လံဖမ်းဆီးစစ်ဆေးရာ ရေတာရှည်မြို့နယ် ဆွာမြို့ ကွမ်းအုံကျေးရွာနေသူ ဒေါ်အေးဝင်း (၄၈ နှစ်) ဖြစ်ကြောင်း၊ ၎င်းနှင့်အတူ အောင်အောင် (၄၁ နှစ်)၊ ဇွဲထက်(ခ)အောင်ကိုဝင်း (၂၄ နှစ်)နှင့် လင်းအောင် (၃၀ နှစ်)တို့မှာလည်း ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ကြောင်း သိရသဖြင့် ရွှေအတုဖြင့်ပေါင်နှံ၍ ငွေလိမ်လည် ရယူသွားသူ ဒေါ်အေးဝင်းနှင့်အဖွဲ့ကို ရေဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**



ရွှေအတုများဖြင့် လိမ်လည်ခဲ့သည့် ဒေါ်အေးဝင်းနှင့်အဖွဲ့ကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၇-၇-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် “အံ့ဖွယ်ကြည်ညိုဖွယ်ပုဂံဘုရားစုံ” (နန္ဒမညာဘုရား၊ စူဠာမဏိဘုရား)
- ၈း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၂)**
- ၉း၁၅ - "Mingalabar English" (အပိုင်း-၂)
- ၁၀း၀၀ - Sunday Talk
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၃၀ - ငလျင်ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်ဖို့ကြိုတင်ပြင်ဆင် ကာကွယ်ကြပါစို့(ရပ်ကွက်)
- ၁၂း၅၀ - မြန်မာဂန္ထဝင်ရုပ်ရှင် “စိမ်းနဲ့တေဇာ” (ကျော်ဟိန်း၊ ဆွေဇင်ထိုက်၊ စံရှားတင်) (ဒါရိုက်တာ-မျိုးမြင့်အောင်)

**ညပိုင်း**

- ၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Ayeyawady United FC Vs Chinland FC)
- ၁၈း၃၅ - “တိုင်းပြည်အတွက် အသက်ပေးကာ လွတ်လပ်ရေးကို အရယူလို့ မမေ့နိုင်တဲ့ တို့ဗိုလ်ချုပ်”
- ၁၉း၁၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၃)**
- ၁၉း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၁၁၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၄)**
- ၂၀း၃၅ - “ဒေါနတောင်တန်းပေါ်က မူလအိစံတော်ရှင် စေတီတော်”
- မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း “ရေဒီယိုအငြိမ့်” (မင်းသမီး-ခိုင်မာလွင်၊ လူရွှင်တော်-ပေါ်ဦး၊ လှိုင်ဘွား၊ ဝမ်းတူး၊ ဂျယ်လီ)

# တောင်ဥက္ကလာပမြို့နယ်၌ ဓားထောက်၍ ငွေနှင့် ပစ္စည်းတောင်းသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်နေ ကိုကျော်ဇောသည် ဇူလိုင် ၂ ရက် နံနက် ၂ နာရီက နေအိမ်သို့ပြန်ရန် (၁၁)ရပ်ကွက် ဝေဇယန္တာလမ်းနှင့် မေတ္တာလမ်းထောင့်တွင် အငှားယာဉ်တစ်စီးကို ငွေကျပ် ၂၀၀၀ ဖြင့် ငှားရမ်းခဲ့ရာ ယာဉ်ရှေ့ခန်းတွင် ယာဉ်မောင်းတစ်ဦး၊ ဘေးတွင် လူငယ်တစ်ဦးတို့အား တွေ့ရှိရပြီး လိုက်ပါလာခဲ့ရာ သဃ်န်းကျွန်းမြို့နယ် ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးရှေ့ အရောက်၌ နောက်ခန်းနှင့် တစ်ဆက်တည်းရှိ ယာဉ်နောက်ဖုံးအတွင်းမှ ပုန်း၍ လိုက်ပါလာသူ လူငယ်နှစ်ဦးက ကိုကျော်ဇော၏ လည်ပင်းကို နောက်မှနေ၍ ဓားမြှောင်ဖြင့် ထောက်ကာ ပစ္စည်းများ ထုတ်ပေးရန် ခြိမ်းခြောက်ပြောဆိုသဖြင့် ကြောက်လန့်၍ ဘောင်းဘီအိတ်အတွင်းမှ ငွေကျပ် ၃၀၀၀၀ ကို ထုတ်ပေးခဲ့ကြောင်း။

**ယာဉ်ပေါ်မှတွန်းချ**

ထို့နောက် အဆိုပါ လူငယ်နှစ်ဦးက ဖုန်းနှင့် နာရီအားပေးရန် ထပ်မံပြောဆိုကာ Samsung S3 Geer အမျိုးအစား နာရီ(တန်ဖိုးငွေကျပ် ၆၀၀၀၀၀)နှင့် Samsung S9 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး(တန်ဖိုးငွေကျပ် ၁၄၀၀၀၀၀) စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၃၀၀၀၀၀ တို့ကို လုယူခဲ့ကြောင်း၊ ယာဉ်မောင်းမှ ယာဉ်အား ရပ်တန့်ပေးခြင်းမရှိဘဲ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏကြီးပွားရေးရပ်ကွက် ပန်းဈေးတန်းမရောက်မီ လမ်းဘေးတွင် ကိုကျော်ဇောအား ယာဉ်ပေါ်မှတွန်းချခဲ့ပြီး ယာဉ်အား မောင်းနှင်ထွက်ပြေးခဲ့ကြောင်း၊ ကိုကျော်ဇောက ဇူလိုင် ၅ ရက်တွင် သုဝဏ္ဏနယ်မြေရဲစခန်း၌ အမှုဖွင့် တိုင်ကြားခဲ့သဖြင့် အမှုရေးဖွင့်ပြီး တပ်ဖွဲ့ဝင်များက အမှုနှင့်ပတ်သက်၍ ကွင်းဆက်မပြတ် စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သော ဒဂုံတောင်မြို့နယ် (၆၅)ရပ်ကွက်နေ ဇေယျာမျိုးမောင်၊ (၂၃)ရပ်ကွက်နေ အတာ(ခ)ဘိုဖချို၊ (၂၆)ရပ်ကွက်နေ တိုးတိုးအောင်(ခ) ဇော်အောင်(ခ)တိုးကြီးနှင့် မျိုးသက်တို့ကို ဖမ်းဆီးရမိ၍ သုဝဏ္ဏနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရပ်တန့်ထားသည့် ၁၂ ဘီးယာဉ်ကို နောက်မှမောင်းနှင်လာသည့် ခြောက်ဘီးယာဉ်မှ ဝင်တိုက်မိပြီး ယာဉ်မောင်းသေဆုံး

**ဖြူး ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာမြို့မြောက်ဘက် ၃ ဖာလုံခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် ဇူလိုင် ၆ ရက် နံနက် ၃ နာရီခွဲခန့်က ရပ်တန့်ထားသည့် ယာဉ်ကို နောက်မှမောင်းနှင်လာသည့် ကုန်တင်ယာဉ်မှ အရှိန်လွန်ဝင်တိုက်ခဲ့ရာ ယာဉ်မောင်းနှင်သူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အား ညောင်ပင်သာနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် နန်းဝင်းထွန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ရွှေနံ့သာရပ်ကွက် ပဲခူးမြို့နေသူ ကျော်ဝင်း (၃၉ နှစ်) မောင်းနှင်လာသော 4A/----- ဟီးနိုး ခြောက်ဘီးကုန်တင်ယာဉ်သည် မိုင်တိုင် ၁၂၁/၄ နှင့် ၅ အကြား အခင်းဖြစ်နေရာအရောက် ကားလမ်းယာဘက်ဘေးတွင် အချက်ပြမီးဖွင့်၍ ရပ်တန့်ထားသည့် မစ်ဆူဘီရှိ ၁၂ ဘီးကုန်တင်ယာဉ်၏ နောက်ပိုင်းကို အရှိန်လွန်ဝင်တိုက်မိခဲ့ပြီး ယာဉ်မောင်းကျော်ဝင်းမှာ ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း၊ ယာဉ် မဆင်မခြင် မောင်းနှင်သူ ကျော်ဝင်းအား ညောင်ပင်သာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်**



ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ညောင်ပင်သာမြို့အနီး ယာဉ်တိုက်မှု ဖြစ်ပွားစဉ်။

# သုံးခွမြို့နယ်၌ ချောင်းအတွင်း လူသေအလောင်းတွေ့ရှိ

**သုံးခွ ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် တောစွန်းကန်ကျေးရွာ တကော-ဆယ်ရွာ တမံသီချောင်းအတွင်း ဇူလိုင် ၅ ရက် နံနက် ၉ နာရီခန့်က လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ ကတုံးပေါ်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းညွန့်နှင့်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ သုံးခွမြို့နယ် တောစွန်းကန်ကျေးရွာနေသူ ဇော်ဝမ်း (၄၆ နှစ်) ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ဇူလိုင်၄ ရက် ညနေ ၃ နာရီခန့်က နေအိမ်မှ ထွက်ခွာသွားရာ ဇူလိုင် ၅ ရက် နံနက်အထိ နေအိမ်သို့ ပြန်မလာသဖြင့် လိုက်လံရှာဖွေရာ အကျယ်ပေ ၅၀၊ အနက် ၁၅ ပေရှိ တကော-ဆယ်ရွာ တမံသီချောင်းအတွင်း ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ကတုံးပေါ်နယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်( သုံးခွ)**

# ကျိုင်းတုံတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

ဇူလိုင် ၅ ရက် ည ၉ နာရီခွဲက ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နောင်ဖာရဲကင်းရှေ့လမ်းမပေါ်တွင် အိုက်လာ မောင်းနှင်ပြီး ဒေါ်နန်းအီ လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဒေါ်နန်းအီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် အိုက်လာ(၄၅ နှစ်)နှင့် ဒေါ်နန်းအီ(၄၀ နှစ်)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# သရက်ချောင်းမြို့၌ ခရီးသည်တင်ယာဉ် သုံးစီး ဆင့်ကဲတိုက်မိပြီး ငါးဦးဒဏ်ရာရ

**သရက်ချောင်း ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ထားဝယ်-မြိတ်ကားလမ်း မိုင်တိုင်အမှတ် (၁၆/၃) ဖာလုံအနီးတွင် ယနေ့ နံနက်ပိုင်းက ခရီးသည်တင်ယာဉ်သုံးစီး ထပ်ဆင့်တိုက်မှုဖြစ်ကာ ငါးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာထားဝယ်မှ မြိတ်ဘက်သို့ သရက်ချောင်းမြို့နယ် ပိတိုင်ကျေးရွာနေသူ မြင့်ကျော်(၄၀ နှစ်) မောင်းနှင်သည့် 9G/----- ဟွန်ဒိုင်းခရီးသည်တင်ယာဉ်ကလမ်း၏ ဝဲဘက်ခြမ်းတွင် ဝင်ရောက်ရပ်တန့်၍ ခရီးသည်များချပြီး ယာဉ်မရှင်းဘဲ ဖြတ်မောင်းစဉ် ထားဝယ်မှ မြိတ်ဘက်သို့ ဟင်္သာတမြို့နယ် သာကလေးရပ်ကွက်နေသူ လှိုင်မျိုးထွန်း(၃၄နှစ်) မောင်းနှင်လာသော YGN 1M/------ ဒေဝူးမှန်လုံ ခရီးသည်တင်ယာဉ်က ဝင်ရောက်တိုက်မိခဲ့သည်။ ယင်းတိုက်မိသည့် အရှိန်ဖြင့် လမ်း၏ဘေးတွင် ရပ်တန့်ပြီး ပစ္စည်းများချနေသော သရက်ချောင်းမြို့နယ် မြို့မရပ်ကွက်နေသူ ဦးစံဝင်း(၅၈နှစ်)၏ 3H/------ လိုက်ထရပ်ယာဉ်ကို ထပ်ဆင့်တိုက်မိခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ဟွန်ဒိုင်း ခရီးသည်တင်ယာဉ်နှင့် လိုက်ထရပ်ယာဉ်ပေါ်မှ ခရီးသည် ငါးဦးခန့် (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မြင့်ကျော်ကို သရက်ချောင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**



# မြန်မာနိုင်ငံမှ ပုဂံဒေသအား ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်

**ဘာကူ ဇူလိုင် ၆**

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံဒေသအား ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ကျင်းပသည့် (၄၃) ကြိမ်မြောက် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံ အစည်းအဝေးတွင် သတ်မှတ်ခဲ့သည်။

ပုဂံဒေသတွင် စေတီပုထိုးပေါင်း ၃၅၀၀ ကျော်ရှိပြီး ၁၁ ရာစုနှင့် ၁၃ ရာစုအတွင်း တည်ဆောက်ထားသည့် စေတီပုထိုးများဖြစ်ကြသည်။ ပုဂံဒေသကို ယခုလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုလိုက်သည့်အတွက် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် တိုးတက်လာဖွယ်ရှိသည်။ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး မြန်မာနိုင်ငံ၏ အဆိုပြုလွှာကို ဇူလိုင် ၆ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် တရားဝင်အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

ပုဂံဒေသကို ၁၉၉၅ ခုနှစ်က ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် အမည်စာရင်း တင်သွင်းခဲ့သော်လည်း ပယ်ချခြင်းခံခဲ့ရသည်။ ၂၀၁၆ ခုနှစ်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့်လည်း ရှေးဟောင်းစေတီပုထိုး ၂၀၀ ခန့် ပျက်စီးခဲ့ရသည်။ နိုင်ငံတကာအထိမ်းအမှတ် အဆောက်အအုံနှင့် ဒေသများကောင်စီက မြန်မာနိုင်ငံသည် အမွေအနှစ်ဥပဒေသစ်ကို ချမှတ်ရမည်ဖြစ်ပြီး ဘုရားစေတီများ အနီးပတ်ဝန်းကျင်တွင် ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းများကြောင့် ရှေးဟောင်းစေတီများအပေါ် သက်ရောက်မှုများအား လျှော့ချရန်လည်း မှတ်ချက်ပြုပြောဆိုခဲ့သည်။

Australian Associated Press



ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ကော်မတီ ဥက္ကဋ္ဌ Mr. Abulfas Garayev

# လစ်ဗျားတွင် သေဆုံးသူ ၁၀၀၀ ခန့် ရှိလာသည့်အတွက် အပစ်အခတ်ရပ်စဲရေး ကုလတောင်းဆို

**ထရီပိုလီ ဇူလိုင် ၆**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တွင် သုံးလကြာ ပဋိပက္ခများအတွင်း သေဆုံးသူဦးရေမှာ ၁၀၀၀ သို့ ရောက်ရှိလာသည့်အတွက် အပစ်အခတ်ရပ်စဲရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက သောကြာနေ့တွင် တောင်းဆိုခဲ့သည်။ ရွှေ့ပြောင်းနေထိုင်သူများ ထိန်းသိမ်းရေးစခန်းတွင် လေကြောင်းမှ တိုက်ခိုက်ခံရသည့်အတွက်လည်း သေဆုံးသူပိုမိုများလာခဲ့သည်။


ကယ်ဆယ်ရေးအဖွဲ့များ အပျက်အစီးများကြားမှ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေစဉ်။

ထရီပိုလီမြို့ရှိ တာ့ဂျူရာအမည်ရသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများ ထိန်းသိမ်းရေးစခန်းကို ပြီးခဲ့သည့် အင်္ဂါနေ့က တိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အတွက် ယင်းဖြစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရှုတ်ချခဲ့သည်။ ထို့ကြောင့် ထရီပိုလီမြို့တွင် ပဋိပက္ခများဖြစ်နေကြသော အစိုးရတပ်ဖွဲ့နှင့် လက်နက်ကိုင်များကို အပစ်အခတ်ရပ်စဲကြရေး တောင်းဆိုခဲ့ခြင်းဖြစ်သည်။ လစ်ဗျားနိုင်ငံ အရှေ့ပိုင်းကို ထိန်းချုပ်ထားသည့် ခါလစ် ဖာဟတ်ဖ်တာ၏ တပ်ဖွဲ့ဝင်များသည် ဧပြီလမှစတင်ကာ ကုလသမဂ္ဂမှ အသိအမှတ်ပြုထားသည့် လစ်ဗျားအစိုးရ၏ သစ္စာတော်ခံတပ်များနှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

မြေပြင်နှင့်ဝေဟင်တို့မှ တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၀၀၀ခန့် သေဆုံးခဲ့ရပြီးဖြစ်ကာ လူပေါင်း ၅၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူများထဲတွင် ထိန်းသိမ်းရေးစခန်း၌ နေထိုင်ကြသည့် ရွှေ့ပြောင်းနေထိုင်သူ ၅၃ ဦး ပါဝင်ခဲ့ပြီး အဆိုပါတိုက်ခိုက်မှုကို ဟတ်ဖ်တာ၏ တပ်ဖွဲ့ဝင်များက ပြုလုပ်ခဲ့သည်ဟု စွပ်စွဲထားကြသည်။

သေဆုံးခဲ့ရသည့် ရွှေ့ပြောင်းနေထိုင်သူများထဲတွင် ကလေး ခြောက်ဦးလည်း ပါဝင်ကြောင်း ဂျနီဗာအခြေစိုက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းက ပြောသည်။ အဆိုပါ ထိန်းသိမ်းရေးစခန်းတွင် ရွှေ့ပြောင်းအခြေချနေထိုင်သူ ၃၅၀ ခန့်မှာ ဆက်လက်နေထိုင်လျက်ရှိပြီး အဆိုပါလူများထဲတွင် အမျိုးသမီး ၂၀ နှင့် ကလေးလေးဦးပါဝင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ပိုင်ဆိုင်မှုအငြင်းပွားနေသည့်ကြားမှ ဖာရိုးဘုရင် တူတန်ခမန်၏ရုပ်တုကို လေလံတင်ရောင်းချ


ဖာရိုးဘုရင် တူတန်ခမန်၏ ရုပ်တု။

**လန်ဒန် ဇူလိုင် ၆**

လန်ဒန်မြို့ရှိ လေလံတင်ရောင်းချသည့် ကုမ္ပဏီဖြစ်သည့် ခရစ်စတီ၌ နှစ်ပေါင်း ၃၀၀၀ သက်တမ်းရှိ ဖာရိုးဘုရင် တူတန်ခမန်၏ရုပ်တုကို အမေရိကန်ဒေါ်လာ ခြောက်သန်းဖြင့် ရောင်းချခဲ့ရာ အီဂျစ်အာဏာပိုင်များကို အမျက်ဒေါသထွက်စေခဲ့သည်။ အီဂျစ်အာဏာပိုင်များက တူတန်ခမန်၏ရုပ်တုသည် ယဉ်ကျေးမှုရတနာဖြစ်သည့်အတွက် ပြန်လည်ပေးရန် တောင်းဆိုခဲ့သည့်ကြားမှ ယခုလို လေလံတင်ရောင်းချခဲ့ခြင်းဖြစ်သည်။

အီဂျစ်အာဏာပိုင်များက လေလံပွဲကို ဖျက်သိမ်းပစ်ရန် တောင်းဆိုခဲ့သော်လည်း ခရစ်စတီကုမ္ပဏီသည် အညိုရောင် ကျောက်တုံးဖြင့် ထုလုပ်ထားသည့် ဖာရိုးဘုရင်၏ရုပ်တုကို လေလံတင်ရောင်းချခဲ့သည်။ အီဂျစ်အာဏာပိုင်များကမူ ၂၈ စင်တီမီတာရှိသည့် ဖာရိုးဘုရင် တူတန်ခမန်၏ ဦးခေါင်းပုံရုပ်တုကို တိုင်းပြည်အတွင်းမှ တရားမဝင် ခိုးထုတ်ခြင်းခံလိုက်ရသည်ဟု ယုံကြည်ကြသည်။

သို့သော် ခရစ်စတီကုမ္ပဏီကမူ လေလံတင်ရောင်းချခြင်းကို ကာကွယ်ပြောဆိုခဲ့ပြီး ယင်းရုပ်တု၏ ပိုင်ရှင်ကို အတည်ပြုနိုင်အောင် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါရုပ်တုမှာ အတိတ်ကာလက ပြခန်းတွင်ပြသထားသည့် ရုပ်တုဖြစ်သည်ဟု တုံ့ပြန်ပြောကြားခဲ့သည်။

အီဂျစ်တို့၏ ရှေးဟောင်းပစ္စည်းများသည် လေလံပွဲတွင် ရောင်းချခြင်းခံရပြီး အီဂျစ်အစိုးရက တားမြစ်သည့်ကြားမှ လုပ်ဆောင်ကြခြင်းဖြစ်သည်။ ယခုဖြစ်ရပ်ကြောင့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို မည်သို့ကာကွယ်မည်ဟူသော ဆွေးနွေးမှုများ ပေါ်ပေါက်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းများ ထပ်တိုးနိုင်

**ဇူးရစ်ချ် ဇူလိုင် ၆**

လာမည့် ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် ပါဝင်ယှဉ်ပြိုင်မည့်အသင်းများကို ယခင် ၂၄ သင်းမှ ၃၂ သင်းအထိ တိုးမြှင့်သွားရန် ဘောလုံးအဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဆန္ဒရှိနေသည်။

အဆိုပါအစီအစဉ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။ တနင်္ဂနွေနေ့တွင် နောက်ဆုံးဖိုင်နယ်ပွဲအဖြစ် အမေရိကန်အမျိုးသမီးအသင်းနှင့် နယ်သာလန်အသင်းတို့ ပြင်သစ်နိုင်ငံ လီယွန်မြို့တွင် ယှဉ်ပြိုင်သွားကြမည်ဖြစ်ရာ ယင်းမတိုင်မီ ယခုလို ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဖီဖာသည် ၂၀၂၆ ခုနှစ်တွင် အမျိုးသားကမ္ဘာ့ဖလား ဘောလုံးပွဲ၌ ပြိုင်ပွဲဝင်အသင်းပေါင်း ၃၂ သင်းမှ ၄၈ သင်းအထိ တိုးမြှင့်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဂျပန်နိုင်ငံသည်လည်း ၂၀၂၃ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေး လျှောက်ထားခဲ့သည်။

ဖီဖာသည် နောင်နှစ်မတ်လတွင် ၂၀၂၃ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် မည်သည့်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည်ကို ဆုံးဖြတ်ချက်ချရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၏ ပိတ်ဆို့မှုများကို ဖျက်ပြေပေးရန် ကုလသမဂ္ဂအား ဗင်နီဇွဲလားတောင်းဆို

**ကရာကက် ဇူလိုင် ၆**

ဗင်နီဇွဲလားနိုင်ငံ၏စီးပွားရေးကို ယိုင်နဲ့စေသည့် အမေရိကန်၏ ကုန်သွယ်ရေးပိတ်ဆို့မှုများအားလုံးကို ကြားဝင်ဖျက်ပြေပေးရန် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး မီရှယ်လီဘတ်ချလက်ကို ဗင်နီဇွဲလားနိုင်ငံက သောကြာနေ့တွင် တောင်းဆိုခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ပြုလုပ်နေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ဗင်နီဇွဲလား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝီလီယံကတ်စ်တီလိုက ဗင်နီဇွဲလားနိုင်ငံအပေါ် အမေရိကန်၏ ပိတ်ဆို့မှုများသည် တစ်ဖက်သတ်ဆန်ပြီး အတင်းဖိအားပေးလုပ်ဆောင်ထားသည့်အတွက် ဖယ်ရှားပေးရန် ပြောကြားခဲ့သည်။

တစ်ဖက်သတ်ဆန်သော ပိတ်ဆို့မှုများအပေါ်ထားရှိသည့် ကုလသမဂ္ဂ၏ သတ်မှတ်ချက်များအရ ဗင်နီဇွဲလားအပေါ် ပိတ်ဆို့ထားမှုများအားလုံးကို ဖယ်ရှားပေးရေး ကတ်စ်တီလိုက တိုက်တွန်းခဲ့သည်။ ပိတ်ဆို့မှုများကြောင့် ဗင်နီဇွဲလားနိုင်ငံသည် ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရေးဆက်လက်လုပ်ဆောင်နိုင်ခြင်း မရှိသကဲ့သို့ နိုင်ငံခြားမှငွေကြေးမြီများကို ဆပ်ရန်လည်း အခက်တွေ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်၏ ပိတ်ဆို့မှုများကြောင့် ဗင်နီဇွဲလားနိုင်ငံ၏စီးပွားရေး ဆိုးရွားလာသကဲ့သို့ ယင်းကဲ့သို့လုပ်ဆောင်ခြင်းမှာ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည့်အတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၏ အသိအမှတ်ပြုမှုကို ဗင်နီဇွဲလားမှ လိုလားလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများမရှိဘဲ ရေနံဈေးများ ကျဆင်းခြင်းနှင့် စီးပွားရေးပိတ်ဆို့ခံရမှုတို့ကြောင့် စီးပွားရေးယိုင်နဲ့လာမှုကိုသာ ခံစားနေရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေဘိုမြို့နယ်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ရွှေဘို ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ဇူလိုင် ၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘိုမြို့နယ် ဘိုးတော်တော ကျေးရွာ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်ထံသို့ သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ရွှေဘိုမြို့နယ် ဘိုးတော်တော ကျေးရွာဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲကို ဘိုးတော်တောကျေးရွာ အောင်မင်္ဂလာကျောင်းတိုက် ဓမ္မာရုံတွင် ဆက်လက်ကျင်းပရာ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ ကျေးလက်ဆေးပေးခန်းရရှိရေး ကိစ္စရပ်များနှင့် အခက်အခဲများအား ဘိုးတော်တောကျေးရွာ၊ ပေါက္ကံကျေးရွာ၊ မြို့သစ်ကျေးရွာ၊ သာယာအေးကျေးရွာနှင့် နမောကျေးရွာတို့မှ ဒေသခံပြည်သူများက တင်ပြကြရာ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ကျေးရွာ ငါးရွာအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများအား ထောက်ပံ့ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

အလားတူ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့နယ် ကော့ကျေးရွာ ဘုရားကြီးတိုက်ကျောင်းဆရာတော်ထံသို့ သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ရွှေဘိုမြို့နယ်ကော့ကျေးရွာ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံပွဲကို နေ့လယ် ၁ နာရီက ကော့ကျေးရွာ ဘုရားကြီးတိုက်ကျောင်း ဓမ္မာရုံတွင် ကျင်းပရာ စိုက်ပျိုးရေရရှိရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ မျိုးစပါးများရရှိရေး၊ မီးသတ်ကားရရှိရေး စသည့်ကိစ္စရပ်များနှင့် အခက်အခဲများအား ကော့ကျေးရွာ၊ တရော်တောကျေးရွာနှင့် ဆင်းကွတ်ကျေးရွာတို့ ဒေသခံပြည်သူများက တင်ပြကြရာ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက်ကျေးရွာသုံးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများအား ထောက်ပံ့ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**




စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲပြုလုပ်နေစဉ်

# ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တတိယ(၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**မြစ်ကြီးနား ဇူလိုင် ၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တတိယ (၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်နှင့် ပြည်ပအခြေစိုက် သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနောင်ခန်းမ၌ ကျင်းပ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဦးဆောင်သော ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သတင်းမီဒီယာအသီးသီးမှ သတင်းထောက်များ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တတိယ(၁)နှစ်တာကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်သူ/ပြည်သူသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သည့်နေရာတွင် သတင်းမီဒီယာသည် အင်မတန်အရေးကြီးကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် သတင်းမီဒီယာသမားများကို အားကိုးပါကြောင်း၊ သတင်းမီဒီယာအားလုံးက ပြည်နယ်အကျိုးအတွက် ပြည်နယ်ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးစသည့်ကိစ္စရပ်များတွင် အားလုံးက ပူးပေါင်းပါဝင်ကြရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်နိုင်ခဲ့သည့် လမ်းတံတားနှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းစသည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း အသိပေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နယ်မြေခံသတင်းမီဒီယာသမားများနှင့် ပြည်ပအခြေစိုက် သတင်းမီဒီယာသမားများက ဖားကန့်-ကာမိုင်းလမ်းနှင့် သက်ဆိုင်သည့်ကိစ္စ၊ နန်ကျင်စီးပွားရေးဖွံ့ဖြိုးရေး ဇုန်အကောင်အထည်ဖော်မှု အခြေအနေများ၊ တစ်ရှူးငှက်ပျောစိုက်ပျိုးမှုနှင့် ပတ်သက်၍ တရားဝင်ခွင့်ပြုထားမှုနှင့် စိုက်ခင်းကေအခြေအနေ၊ လိုင်စင်မဲ့တရားမဝင်မော်တော်ယာဉ်များကိစ္စ၊ မြစ်ဆုံစီမံကိန်း အခြေအနေ၊ တရုတ်နိုင်ငံသားများ တရားမဝင် ဝင်ရောက်သည့်ကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးအတွက် စီမံဆောင်ရွက်မှုအခြေအနေ၊ လူကုန်ကူးခံရမှုအခြေအနေနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု၊ အလုပ်အကိုင် ရရှိရေးဖန်တီးပေးနိုင်မှု၊ IDP ကိစ္စရပ်များ၊ ဖားကန့်ကျောက်မျက်လုပ်ကွက်များ ရပ်ဆိုင်းထားမှုအခြေအနေတို့နှင့် ပတ်သက်၍ မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သတင်းထောက်များ၏ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြည်နယ်နှင့် ပြည်ပအခြေစိုက် သတင်းမီဒီယာများဖြစ်သည့် RFA၊ BBC၊ Eleven၊ DVB၊ MNTV၊ မြစ်ကြီးနားသတင်းဂျာနယ်၊ ထာဝရငြိမ်းချမ်းရေးသတင်းကွန်ယက်၊ မလိခသတင်းမီဒီယာ၊ မြဝတီ၊ ကချင်တိုင်း၊ Kachin News၊ Kachin Wave၊ ဟသ်ာသတင်းဌာနတို့မှ သတင်းထောက်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# တောင်ငူနှင့် အုတ်တွင်းမြို့နယ်တို့တွင် စက်မှုလယ်ယာစနစ်ကျလယ်မြေများ တောင်သူများထံပေးအပ်

**တောင်ငူ ဇူလိုင် ၆**

တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့တွင် ရေသွင်းစနစ်၊ ရေထုတ်စနစ်၊ ကုန်ထုတ်လမ်းများပါဝင်သည့် စက်မှုလယ်ယာစနစ်ကျလယ်မြေများ တောင်သူများထံ ပေးအပ်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ယနေ့နံနက် ၁၀ နာရီက တောင်ငူမြို့နယ် မဟာင်ကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ကားလမ်းနံဘေး ကွင်းအမှတ် ၅၃၀ (ခ) တွင် စနစ်ကျလယ်ယာမြေ ၁၀၅ ဧက ပေးအပ်ပွဲကို ရှင်းလင်းဆောင်၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူ ၃၉ ဦးအား လယ်ယာမြေဖော်ထုတ်သည့် စာရွက်စာတမ်းများပေးအပ်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည့် စပါးပျိုးပင်များနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုတို့ကို ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ် ငွေးတောက်ခင် ကျေးရွာအုပ်စု ကွင်းအမှတ် ၃၀၀(က)တွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးမြေ ၁၁၅ ဧကအတွက် ဒေသခံတောင်သူ ၃၂ ဦးတို့အား စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပြီး အုတ်တွင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ စက်များဖြင့် ထွန်ယက်ပေးနေမှုကို ကြည့်ရှုသည်။

စနစ်ကျလယ်ယာမြေများကို နိုင်မန္တလာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ တစ်ဧကလျှင် ငွေကျပ် ၁၃ သိန်းဝန်းကျင် ကုန်ကျခဲ့ပြီး တောင်သူအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတော်က အကုန်အကျခံ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သန်းလွင်**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၆-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၂၅ | ကျပ် | ၉၃၅/၉၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၃၅ | ကျပ် | ၉၅၀/၉၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၅ | ကျပ် | ၈၄၀/၈၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၅ | ကျပ် | ၉၅၀/၉၅၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၃ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၈ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၈ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၂ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၈ ・ ၆၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၄၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ ・ ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၀၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



HTOO




မိုးမိုး
ပြီး


ကိုကို ညီညီ
ဟယ်..သားတို့က အစောကြီး နိုးနေတာလား
အိပ်မပျော်လို့ပါ မေမေ
ညက သားတို့ သရဲကားကြည့်ပြီး အိပ်မပျော်ကြတာ မဟုတ်လား
ညီညီကြောင့် အိပ်မရတာပါ မေမေ
ညီညီက ကြောက်ပြီးအိပ်မပျော်တာလား
အိပ်ရာထဲမှာ ယောင်ပြီးသေး ပေါက်ထားတာတဲ့
အဲဒါကြောင့် အိပ်မရတော့လို့ ထထိုင်နေတာပါ
နောက်ဆို သရဲကား မကြည့်တော့ပါဘူးမေမေ


ဖေ့စဘုတ်ပေါ်မှာ 'Food Box'..ကိစ္စနဲ့ ဘုဘောက်တွေဖြစ်ကုန်ကြပြီ မေကြီးရေ
'Food Box' ဆိုတာ ဘာတုန်းကွဲ
'Food Box' ဆိုတာ ပိုက်ဆံပေးစရာမလိုဘဲ ကိုယ်စားချင်တာယူစားလို့ရတဲ့ မုန့်သေတ္တာကိုပြောတာ မေကြီးရ
အလှူသဘောပေါ့ နော်..
ဟုတ်တယ် မေကြီး..
ဒါနဲ့ နေပါဦး ဘယ်မလဲ..မေမေမှာလိုက်တဲ့ ငါးသေတ္တာ
မုန့်သေတ္တာကိုစ မေကြီးကိုပြောချင်ဇောနဲ့..ငါးသေတ္တာကို မေ့သွားတယ်..မေကြီး
နား


အလှူခံက ဖွင့်တဲ့ဆိုင်းသံ ကြားတော့ ကခုန်ချင်လာပြီ
အတော်ပဲ ဒီပုဆိုးနဲ့ ကရမယ် အဟိ
ဟာ ငါ့အစည်းအဝေးသွားမယ့် ပုဆိုးကို ညှပ်ပစ်တယ်ဟုတ်လား
ဆိုင်းသံနဲ့ ကချင်လို့
အေး ကရမယ် ကရမယ် ကကွက်အဆန်းတွေနဲ့ ကရမယ်

# ဘေးကင်းစိတ်ချကလေးတို့ဘဝ (Safety for kids)

## ကလေးတို့သိထားရမယ့် No, Go နဲ့ Tell

**မမမေ**

**ဒီတစ်ပတ်တော့ အပတ်စဉ်ကလေးတို့အတွက် ပညာပေးနေတဲ့ လောကဝတ်အစီအစဉ်ကနေ ဖောက်ထွက်ပြီး သတိပြုစရာလေးတစ်ခုအကြောင်းကို ပြောပြချင်ပါတယ်။ ကလေးတို့တွေဟာ ကျောင်းမှာဖြစ်ဖြစ်၊ အိမ်မှာဖြစ်ဖြစ်၊ ပတ်ဝန်းကျင်မှာဆော့ကစားရင်းဖြစ်ဖြစ် မကောင်းတဲ့လူကြီးတွေကို ကြုံရတတ်ပါတယ်။ အဲဒီမကောင်းတဲ့လူဟာ ကလေးတို့ တစ်ခါမှမသိဖူးတဲ့ လူလည်းဖြစ်ရင်ဖြစ်မယ်။ ကလေးတို့ရင်းနှီးတဲ့၊ ကလေးတို့ချစ်တဲ့ သူလည်းဖြစ်နိုင်ပါတယ်။ ကလေးတို့ မေမေနဲ့ဖေဖေ၊ ဘိုးဘိုး၊ ဘွားဘွားနဲ့ မိသားစုအရင်းတွေကတော့ ကလေးတို့ကို နာကျင်အောင်၊ ခံစားရအောင် မလုပ်တတ်ကြပါဘူး။ ဒါပေမယ့် မကောင်းတဲ့လူဆိုးကြီးတွေကတော့ ရှိတယ်လေ။ လူဆိုးကြီးတွေဟာ ကာတွန်းကားထဲကလို မျက်မှန်ကြီးတပ်၊ သေနတ်ကြီးတွေ၊ ဓားကြီးတွေကိုင်ထားကြတာမျိုးမဟုတ်ဘဲ ကလေးတို့ပတ်ဝန်းကျင်မှာ သာမန်အတိုင်း ရှိနေတတ်ကြတယ်ဆိုတာ သတိထားပါ။**




### တိရစ္ဆာန်လေးတွေက သူတို့ကိုလာထိရင်ဘယ်လိုတုံ့ပြန်လဲ

ပန်းကလေးမှာနားနေတဲ့ လိပ်ပြာလေးတွေကို သွားထိဖူးသလား။ သူတို့ ထွက်ပြေးသွားကြပါတယ်။ လိပ်ကလေးကို ကလေးတို့ကိုင်ကြည့်တဲ့အခါ သူ့ရဲ့ အခွံမာထဲကို သူ့ခေါင်းကလေးက ပုပြီးဝင်သွားတယ်ဆိုတာရော သိကြလား။ ခွေးလေးတွေကို တုတ်နဲ့ရိုက်ရင်ရော သူတို့ဘယ်လိုတုံ့ပြန်သလဲသိလား။ သူတို့ပြန်ပြီး "ဝုတ် ဝုတ်"လို့ ဟောင်ကြတယ်။ အိမ်နားမှာ လာနားနေတဲ့ ငှက်ကလေးတွေကိုရော ကလေးတို့ လိုက်ဖမ်းဖူးလား။ သူတို့ ထပျံသွားကြတယ်လေ။ သူတို့က သူတို့ကို ရန်ပြုမယ့်သူတိုင်းကို ပြန်ပြီးတုံ့ပြန်ကြတာပေါ့ ကလေးတို့ရေ။

### ကလေးတို့ကို နာကျင်စရာပေးရင်

ကလေးတို့ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ အထူးသဖြင့် ကလေးတို့ နှုတ်ခမ်း၊ ကလေးတို့ ရင်ဘတ်နဲ့ ကလေးတို့ရဲ့ တင်ပါးလေးတွေ၊ ရှက်ရှက်နေရာတွေကို ဖြစ်နိုင်ရင် မေမေကလွဲပြီး ဘယ်သူမှမထိမကိုင်ကြဖို့ သတိထားကြဖို့လိုပါတယ်။ ကလေးတို့ကို မေမေနဲ့ ဖေဖေတို့က ပန်းကလေးတွေလို အရိပ်တကြည့်ကြည့် စောင့်ရှောက်နေတဲ့ အချိန်၊ အခြားသူတွေက ကလေးတို့ရဲ့ တန်ဖိုးထားရမယ့် အဲဒီနေရာလေးတွေကို ထိမယ်၊ ကိုင်မယ်၊ နာကျင်အောင်လုပ်ခဲ့မယ်ဆိုရင် ကလေးတို့ တုံ့ပြန်ရမယ့်အချက်တွေရှိပါတယ်။

ကလေးတို့မှာ ငှက်ကလေးတွေ၊ လိပ်ပြာလေးတွေလို အတောင်ပံမရှိဘူး။ ခွေးကလေးလို "ဝုတ်ဝုတ်"ဆိုပြီး မဟောင်နိုင်ဘူး။ လိပ်ကလေးလို အခွံမာကြီးမပါဘူး ဆိုပေမယ့် ကလေးတို့ဆီမှာ အော်လို့ရတဲ့ ပါးစပ်ကလေးရှိတယ်လေ။ "မထိနဲ့" **(No)** ဆိုပြီး အသံမာမာနဲ့ အော်ထုတ်လိုက်ပါ။ ဒါဆိုကလေးတို့ကို အနှောင့်အယှက်လုပ်ဖို့ လူဆိုးက တွန့်သွားမှာပေါ့။ ပြီးတော့ ငှက်ကလေးလို မပျံနိုင်ပေမယ့် ပြေးနိုင်တဲ့ ခြေထောက်ကလေးကို အားကိုးပြီး လူဆိုးနားက **(Go)** "အဝေးဆုံးကိုပြေး" သွားဖို့မမေ့ပါနဲ့။ ပြီးသွားရင်တော့ မေမေ၊ ဖေဖေ၊ ဆရာမနဲ့ ကလေးတို့ ဘိုးဘိုး၊ ဘွားဘွားတွေကို **(Tell)** "ပြန်တိုင်ပြော"ဖို့တော့ လုံးဝမမေ့ပါနဲ့။ ဒါကြောင့် ဘယ်သူပဲဖြစ်ဖြစ် ကလေးတို့က မိဘ၊ ညီအစ်ကိုမောင်နှမတွေ၊ အဘိုးအဘွားတွေ၊ ဆရာမတွေ မသိဘဲ ဘယ်ကိုမှ မသွားရဘူးနော်။



### ဘယ်သူ့ကိုမှ မယုံပါနဲ့

ကလေးတို့ လုံးဝမမြင်ဖူး၊ မသိဖူးတဲ့ သူတွေက မုန့်ကျွေးမယ်၊ အရုပ်ကလေးတွေပေးမယ်၊ ပုံပြင်တွေ ပြောပြမယ်ဆိုတိုင်းလည်း ယုံပြီးလိုက်သွားလို့ မရပါဘူး။ ကလေးတို့ကို အချစ်ဆုံးက မေမေနဲ့ဖေဖေပါ။ သူတို့ခွင့်မပြုဘဲနဲ့ သူများနဲ့ ရင်းရင်းနှီးနှီး နေမယ်ဆိုရင် အဲဒီလိုကနေ လူဆိုးကြီးဖြစ်နေရင် ကလေးတို့ အန္တရာယ်ကြုံနိုင်ပါတယ်။ ဒါကြောင့် မသိတဲ့သူတွေကိုလည်း ဝေးဝေးကရှောင်ပါ။ ရင်းနှီးပြီးသားလူတွေဆိုရင်လည်း မေမေ၊ ဖေဖေနဲ့ ဘိုးဘိုး၊ ဘွားဘွားတို့ ခွင့်မပြုဘဲ လိုက်သွားတာမျိုး မလုပ်ပါနဲ့။ ကလေးတို့ကို ရင်းနှီးအောင် ညာပေါင်းပြီး အန္တရာယ်ပေးမယ့် လူဆိုးကြီး ဖြစ်နိုင်တယ်လေ။ ဒါကြောင့် အကယ်လို့များ လူတစ်ယောက်က ကလေးတို့ကို လိုက်ခဲ့ဖို့ ခေါ်နေတယ်ဆိုရင် ယဉ်ယဉ်ကျေးကျေးနဲ့ "မလိုက်ပါဘူး။ မေမေနဲ့ ဖေဖေက ဘယ်သူနဲ့မှ မလိုက်ခိုင်းလို့ပါ" လို့ပြောပြီး အားလုံးကို ငြင်းပယ်ရမယ်။ ကလေးတို့ အားလုံး လူဆိုးတွေရဲ့ အန္တရာယ်ကနေ ကင်းဝေးကြပါစေ။

# သိမှတ်စရာအဖြာဖြာ (General Knowledge)

## နက္ခတ်တာရာတွေကိုကြည့်တဲ့ အဝေးကြည့်မှန်ပြောင်းဆိုတာ

**ဧက - ဂျူဝယ်လ်**

**အဝေးကြည့်မှန်ပြောင်းကို** Telescope **လို့ခေါ်ပါတယ်။ တယ်လီစကုပ်ကိုတော့ အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်တဲ့ ရော်ဂျာဘေကွန်လို့ခေါ်တဲ့ သိပ္ပံပညာရှင်ကြီးက ၁၂၆၀ ပြည့်နှစ်မှာ စတင်ပြီး စမ်းသပ်ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ မှန်ဘီလူးတွေကို အထပ်ထပ် အသုံးပြုပြီး အဝေးဆုံးကအရာတွေကို ကိုယ့်မျက်စိအနီးကို ဆွဲယူနိုင်ဖို့အတွက် သူက အကြံဉာဏ်စတင်ပေးခဲ့ပါတယ်။ ဒါပေမယ့် သူက စာတွေ့သာ ဖော်ထုတ်တာပါ။ လက်တွေ့မှာ အဝေးကြည့်မှန်ပြောင်းကို လက်တွေ့စမ်းသပ်ခဲ့သူကတော့ ဟော်လန်နိုင်ငံက ဟန်းစ်လစ်ပါရှေး ဆိုသူပဲဖြစ်ပါတယ်။ မှန်ဘီလူးခုံးနဲ့ မှန်ဘီလူးခွက်ကို အသုံးပြုပြီးတော့ အဝေးကအရာတွေကို ကြည့်ဖို့အတွက် ထုတ်ခဲ့ရာမှာ စစ်ပွဲတွေမှာတော့ ပထမဆုံးအသုံးပြုခဲ့တယ်လို့ သိရပါတယ်။**



ကလေးတွေရဲ့ စိတ်ကူးတွေများစွာထဲက တစ်ခုဟာ အာကာသသိပ္ပံပညာရှင်ကြီးဖြစ်ချင်တယ်ဆိုတာကို ကလေးပညာရှင်တွေက ဖော်ထုတ်ထားပါတယ်။ ကလေးတို့အတွက် အာကာသထဲက ဂြိုဟ်တွေရဲ့ အသွားအလာ၊ လှမ်းမြင်ရတဲ့ ကြယ်တွေရဲ့ ဖြစ်စဉ်တွေ၊ သူတို့ကို အဝေးက မှုန်ပြပြအလင်းလောက် မဟုတ်ဘဲ အနီးကပ်ကြည့်ရသလို မြင်တွေ့ခွင့်ရချင်တာ ကလေးအများစုရဲ့ အိပ်မက်ပါပဲ။ အဲဒီလို စိတ်ကူးကို ၁၆၀၀ ပြည့်နှစ်ကျော်မှာ အကောင်အထည်ဖော်သူကတော့ ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး ဂယ်လီလီယို Galileo Galilei ပဲ ဖြစ်ပါတယ်။ သူကတော့ ဟော်လန်မှာ ခေတ်စားနေတဲ့ တယ်လီစကုပ်ထက် အဆပေါင်းများစွာ ပိုပြီးကောင်းမွန်တဲ့ အာကာသကို ကြည့်ရှုနိုင်တဲ့ ပထမဆုံးသော အလင်းယိုင်ခြင်းသဘောကို အခြေခံထားတဲ့ အာကာသကြည့်မှန်ပြောင်းကို တီထွင်ခဲ့ပါတယ်။ သူတီထွင်ခဲ့တဲ့ နက္ခတ်တာရာတွေအထိ ကြည့်ရှုနိုင်တဲ့ မှန်ပြောင်းကြောင့် အာကာသ သုတေသနလုပ်ငန်းတွေဟာ အများကြီး တိုးတက်ပြောင်းလဲသွားခဲ့ရပါတယ်။

ကလေးတို့ မျက်စိနဲ့မြင်ရတဲ့ လရဲ့ မျက်နှာပြင်အကြောင်း၊ ကမ္ဘာကြီး အပါအဝင် ဂြိုဟ်တွေပါဝင်တဲ့ နေကို ပတ်နေတဲ့ အစုအဝေးကြီးဖြစ်တဲ့ ကြယ်စဉ်စု ဂလက်ဇီ ဆိုတာကိုလည်း ဂယ်လ်လီလီယိုက ဖော်ထုတ်ခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး။ ကြယ်စဉ်စု ဂလက်ဇီမှာပါတဲ့ ကြယ်လို့ခေါ်တဲ့ ဂြိုဟ်တွေရဲ့ လည်ပတ်နေတဲ့ ဂြိုဟ်ရံတွေအကြောင်းကိုလည်း တယ်လီစကုပ်ကြီးကို အသုံးပြုပြီး ဖော်ထုတ်ခဲ့လို့ ဂျူပီတာလို့ခေါ်တဲ့ ကြာသပတေးဂြိုဟ်ရဲ့ ဂြိုဟ်ရံ အချို့ကိုတောင် ဂယ်လီလီယိုဂြိုဟ်လို့ ခေါ်တွင်ခဲ့ကြပါတယ်။ ဟိုးရှေးရှေးတုန်းက အယူအဆတွေနဲ့ တယ်လီစကုပ်ခေါ် အဝေးကြည့်မှန်ပြောင်းနဲ့ ကြည့်ပြီး လေ့လာရတဲ့ အခြေအနေတွေ မတူညီတဲ့ အတွက် သူဟာခုံရုံးတင်တရားစွဲဆို ခံခဲ့ရသေးပါတယ်။

ဂယ်လီလီယိုလိုပဲ ဂျိမ်းစ်ဂယ်ရီဂိုရီက ၁၆၆၃ ခုနှစ်မှာ အလင်းပြန်ခြင်းသဘောကိုအခြေခံတဲ့ မှန်ပြောင်းကို တီထွင်ခဲ့ပါတယ်။ အဲဒီလိုပဲ ၁၆၈၈ ခုနှစ်မှာ ကမ္ဘာကျော် သိပ္ပံပညာရှင် နယူတန်က ဂျိမ်းစ်ဂယ်ရီဂိုရီထက် ပိုကောင်းတဲ့ အလင်းပြန်မှန်ဘီလူးကို တီထွင်ခဲ့ပါတယ်။ ၁၈၀၀ ပြည့်နှစ်မှာတော့ အိုင်းရစ်လူမျိုး နက္ခတဗေဒပညာရှင် ဝီလီယံပါဆင်က တယ်လီစကုပ်တစ်မျိုးကို တီထွင်ခဲ့ပါတယ်။ သူကတော့ ပိုမိုခေတ်မီပြီး လက်ရှိအသုံးပြုနေတဲ့ တယ်လီစကုပ်ခေါ် အဝေးကြည့်မှန်ပြောင်းတွေနဲ့ အတော်လေး တူလာပြီး အရွယ်အစားကလည်း သေးငယ်လာခဲ့ပါပြီ။

အဝေးကြည့်မှန်ပြောင်း လောကမှာ ၁၉၁၇ ခုနှစ်က ဝီလဆင်တောင်ကုန်းမှာ တည်ဆောက်ခဲ့တဲ့ မှန်ပြောင်းကတော့ သမိုင်းတွင်မယ့် မှန်ပြောင်းကြီးဖြစ်ခဲ့ပြီး ကြယ်စဉ်စုကြီးအတွင်းက ကြယ်တွေ၊ ဂြိုဟ်တွေအားလုံးကို လှမ်းမျှော်ကြည့်ရှုနိုင်တဲ့အတွက် နည်းပညာဆန်းသစ်လာခဲ့ပါတယ်။ သမိုင်းတစ်ခေတ်ပြောင်းတဲ့ အနေနဲ့ အရင်က နေကို ကမ္ဘာကြီး အပါအဝင် ဂြိုဟ်တွေက လှည့်ပတ်နေတာဟာ စကြဝဠာမဟုတ်ဘဲ ကြယ်စုတစ်ခုသာဖြစ်ပြီး ကြယ်စုတွေအများကြီး အများကြီး ရှိတာကိုသာ စကြဝဠာလို့ အသိအမှတ်ပြုခဲ့ကြရပါတယ်။

၁၉၄၈ ခုနှစ်မှာတော့ ပေလီ တယ်လီစကုပ်ကြီးကို အမေရိကန်ပြည်ထောင်စုမှာ တည်ဆောက်ခဲ့ပါတယ်။ အဲဒီမှန်ပြောင်းကြီးက ကမ္ဘာ့အကြီးဆုံး အဝေးကြည့်မှန်ပြောင်းကြီး ဖြစ်ခဲ့ပြီး မှန်ဘီလူးအပေါက်ဝက လက်မပေါင်း ၂၀၀ ခန့် ကျယ်ဝန်းတယ်လို့ သိရပါတယ်။ အာကာသထဲက ကြယ်တွေကို ဓာတ်ပုံရိုက်တာတွေ၊ လျှပ်စစ်လှိုင်းကို ဖမ်းယူတာတွေ၊ လှုပ်ရှားမှုကို ရယူတာတွေ၊ အလင်းကိုအခြေခံပြီး ကြယ်တာရာတွေအကြောင်းကို တော်တော်လေး ပြည့်ပြည့်စုံစုံ သိခွင့်ရခဲ့ကြတာ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ အဝေးကြည့်မှန်ပြောင်းကြီးတစ်လက်ကို ၂၀၀၇ ခုနှစ်က အမေရိကန်ပြည်ထောင်စု ဂရေဟမ် တောင်ကုန်းပေါ်မှာ တည်ဆောက်ခဲ့ကြပါတယ်။ သူဟာ ကမ္ဘာ့အကြီးဆုံး မှန်ပြောင်းကြီးအဖြစ် သတ်မှတ်ထားခြင်းခံရပြီး မှန်ဘီလူးရဲ့အချင်းကတော့ ၁၁ မီတာကျော်တယ်လို့ သိရပါတယ်။

ကလေးတို့လည်း နက္ခတ်တာရာပြခန်းကို ရောက်ခဲ့မယ်ဆိုရင် တယ်လီစကုပ်လို့ခေါ်တဲ့ အဝေးကြည့်မှန်ပြောင်းကြီးရဲ့ အကူအညီကနေ မြင်ရတဲ့ နေထိုင်ရာ ကမ္ဘာကြီးဟာ ဂြိုဟ်ကြီးတစ်ခုဖြစ်ပြီး လဟာကမ္ဘာရဲ့ အရံဂြိုဟ်တစ်ခုဖြစ်တယ်ဆိုတာ၊ ကမ္ဘာကြီး အပါအဝင် ဂြိုဟ်ကြီးတွေနဲ့၊ ဂြိုဟ်ရံတွေဟာ နေကို လှည့်ပတ်နေတဲ့အကြောင်းနဲ့ အခြားအခြားသော နက္ခတ်တာရာတွေရဲ့အခြေအနေတွေ၊ အဆုံးအစကို အခုထိ တွက်ချက်လို့မရနိုင်သေးတဲ့ စကြဝဠာကြီးရဲ့ လျှို့ဝှက်ချက်တွေကို သိနိုင်ကြပါလိမ့်မယ်လို့ ဗဟုသုတအနေနဲ့ ပြောလိုက်ပါရစေ။ ။

## ရင်သွေးရုပ်ပုံလွှာ



ကျောင်းကျန်းမာရေးမှသည် ကလေးအားလုံးကျန်းမာသန်စွမ်းရေးဆီသို့ (ဟားခါးမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာများရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများ)

ဓာတ်ပုံ- မေဦးမိုး

# ကျေးဇူးတင်လွှာ

အဇာဘိုင်ဂျန်နိုင်ငံ၊ ဘာကူမြို့၌ ၆-၇-၂၀၁၉ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ကြောင်း ယူနက်စကိုအဖွဲ့ကြီးက ကြေညာခဲ့ပါသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဘက်မှ ထောက်ခံပေးခဲ့ကြသည့် ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင်နိုင်ငံများ၊ မြန်မာနိုင်ငံအခြေစိုက် ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးဝန်ထမ်းများ၊ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၊ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စေတနာအပြည့်အဝဖြင့် ကူညီဆောင်ရွက်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြင်သစ်နိုင်ငံရှိ ယူနက်စကိုဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်နေသော ပြင်သစ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်ဇေယျနှင့် သံရုံးဝန်ထမ်းများ၊ ပညာရေးဝန်ကြီးဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်နှင့် ရန်ကုန် နည်းပညာတက္ကသိုလ်မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ မြန်မာ့သမိုင်းအဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အငြိမ်းစားပညာရှင်များ၊ မြန်မာနိုင်ငံ ဗိသုကာအသင်းနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ညောင်ဦးခရိုင်မှ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ညောင်ဦးခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပခုက္ကူခရိုင်မှ ဆက်စပ်ဌာနဆိုင်ရာများ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးမှ ဆက်စပ်ဌာနဆိုင်ရာများ၊ နှလုံးသားထဲက ပုဂံ ဓာတ်ပုံအဖွဲ့၊ ဒေသခံပုဂံချစ်သူများ၊ ဆက်စပ်လူမှုရေးအသင်းအဖွဲ့များနှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) တွင် တိရစ္ဆာန်အစားအစာရိက္ခာ တင်ဒါခေါ်ယူခြင်း

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် မွေးမြူပြသထားသည့် တိရစ္ဆာန်များအားကျွေးမွေးရန် အတွက် အမဲသား ၊ ရိက္ခာခြောက်နှင့် ကောက်ရိုးတို့အား Open တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူသွားမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါသွင်းရမည့်နေ့စွဲ | - | ၂၃.၇.၂၀၁၉ ရက်နေ့ (အင်္ဂါ) |
| (ခ) | တင်ဒါဖွင့်လှစ်မည့်အချိန် | - | ၂၃.၇.၂၀၁၉ ရက်နေ့ ၊နေ့လည်(၁၄း၀၀)နာရီ |
| (ဂ) | တင်ဒါအမျိုးအစား | - | Open တင်ဒါ |
| (ဃ) | လုပ်ငန်းစတင်ရမည့်နေ့ရက် | - | ၁.၈.၂၀၁၉ ရက်နေ့ (ကြာသပတေး) |
| (င) | တင်ဒါသက်တမ်း | - | (၁.၈.၂၀၁၉)ရက်နေ့မှ (၃၁.၃.၂၀၂၀)ရက်နေ့ထိ |

(အသေးစိတ်အချက်အလက်များအားအောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များအတိုင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၊ ကန်လမ်း ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၁- ၃၇၀၉၇၅၊ ၃၇၁၁၂၂ (လိုင်းခွဲ - ၁၀၇) ၊Hot Line - ၀၉ - ၉၅၃၄၇၇၇၆၄ ၊ ၀၉ - ၄၄၈၀၀၇၅၂၇ (စီမံမန်နေဂျာ) ၊

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေး မြို့နယ်၊ ကြို့တန်းကျေးရွာမှ ဦးအောင်ဇော်မိုး၊ ဒေါ်စန်းစန်းဝင်းတို့၏သား မောင်ဟိန်းမင်းလတ်နှင့် မောင်သားသားမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဟိန်းမင်းလတ်(ခ)မောင်သားသား**

## တစ်ဦးတည်းဖြစ်ကြောင်း

မင်းပြားမြို့နယ်၊ ဒုံးသားကျေးရွာနေ ကျော်ဇင်လတ် (တက္ကသိုလ်ဝင်စာမေးပွဲအောင်)၏ဖခင် ဦးမောင်သန်း ၁၁/မပန(နိုင်)၀၁၅၃၈၀ နှင့် ဦးမောင်သန်းချေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းပြားမြို့၊ အထက (၃) တက္ကသိုလ်ဝင်တန်းမှ မောင်ကိုမျိုးသန်း၏ ဖခင်အမည်မှန်မှာ ထွန်းမောင်သန်း ၁၁/မပန(နိုင်)၀၇၂၂၃၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ပြင်လျားရှည် အထက(ခွဲ) အဋ္ဌမတန်းမှ မခင်သန်းမြင့်၏ ဖခင်အမည်မှန်မှာ ဦးမောင်လှသန်း ၁၁/ပဏတ(နိုင်) ၀၃၆၃၄၇ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မြေပုံမြို့နယ်၊ ပြားသုန်းကျေးရွာနေ မဥမ္မာဌေး၏ဖခင် ဦးမောင်သိန်း ၁၁/မပတ(နိုင်)၀၇၅၀၁၆ နှင့် ဦးမောင်သိန်းဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တူးပေါက်ကျေးရွာနေ မောင်ဦးမောင်သိန်း ၁၁/ပဏတ(နိုင်)၁၀၇၀၁၈ ၏ဖခင်အမည်မှန်မှာ ဦးမောင်လှသိန်း(ခ) ဦးမောင်လှသန်း ၁၁/ပဏတ(နိုင်) ၀၃၆၃၄၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မာန်အောင်မြို့နယ်၊ ကံ့ကော်တောအုပ်စု၊ ပန်းခြံရွာနေ ဦးကျော်ကျော်၏ သမီး SAN-Tpc ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ မမိုးပွင့်ကျော် ၁၁/မအန(နိုင်)၀၆၈၆၁၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၆-၂၀၀၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၄၀၁၈၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်စန်းစန်းမြင့် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မေသက်ပိုင်ဦး(ဘ)ဦးမင်းမင်းဦး ၉/ခမစ(နိုင်) ၀၂၉၆၉၁မှ မြေပေးမိန့်၊အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြောက်ဦးမြို့နယ်၊ ကန်စောက် အထက(ခွဲ)ပဉ္စမတန်းမှ ကောင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၁၁/မဥန(နိုင်)၀၈၇၇၅၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

တောင်ကုတ်မြို့နယ်၊ ကျောက်မောင်နှမကျေးရွာနေ ဦးခင်ညို ၁၁/တကန(နိုင်)၀၇၄၂၈၅ အား ဦးသန်းဝင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၄၉၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးအောင်ခင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နီနီအောင် (ဘ) ဦးအောင်သန်း ၉/မထလ(နိုင်)၀၀၂၅၅၁ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၂၄၅/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3F/4897 Foton ယာဉ်လက်ဝယ်ရှိသူ စိုင်းဘွန်းဖစ် ၁၃/မယတ(နိုင်)၀၁၄၆၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၅၁၄)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးဇော်မျိုးထွန်းအမည်ပေါက် ပါမစ်မြေကွက်အား ဦးထင်ပေါ်(ဘ)ဦးမောင်ကို ၁၂/ဥကတ(နိုင်)၁၄၀၆၄၇မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၂၅၄/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ ဧရိယာ ၀ဒသမ၁၀၆ဧကရှိ ဦးကျော်အေး(ဇနီး) ဒေါ်သိန်းညွန့် အမည်ပေါက် ဘိုးဘပိုင်မြေကွက် ဦးပိုင်အမှတ် ၁၀၇အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် ဦးစိုးမြင့်သိန်း(ဘ)ဦးကျော်အေး ၉/ပမန(နိုင်)၀၁၀၃၄၄နှင့် ဒေါ်သူဇာကျော်(ဘ)ဦးကျော်အေး ၉/ပမန(နိုင်)၀၁၀၃၄၃ တို့မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄/၁၉၈၃)၊ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၂၇၈/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၅၁/မရမ်းကုန်း)၊ ဦးပိုင်အမှတ်(၄၈)၊ မြေချိန်ဧရိယာ ၀ဒသမ၀၄၈ဧကရှိ မြေသည်အခွန်အမှတ်တွဲအမှတ် (V)၇၅/၉၁-၉၂အရ ဦးစိန်ဝင်းအမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီး၊ ဂရန်သက်တမ်းမှာ ၂၃-၇-၂၀၀၉ရက်တွင် ကုန်ဆုံးခဲ့ပါသည်။ ဦးစိန်ဝင်းသည် ၂၄-၁၀- ၉၅ရက်တွင်လည်းကောင်း၊ ဒေါ်ကျင်ယုံသည် ၇-၈-၇၁ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ရာ သားသမီးများဖြစ်သည့် (၁)ဒေါ်မြင့်မြင့်ရီ၊ (၂)ဒေါ်အေးအေးဆင့်၊ (၃)ဒေါ်သန်းသန်းအေး၊(၄)ဦးခိုင်စိုးဝင်းတို့ (၄)ဦးမှပိုင်ဆိုင်ကြောင်း မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ်(၃၀၃/၂၀၁၉)ဖြင့် ကျမ်းကျိန်ဆိုပြီး၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၅၆/၂၀၁၉)အရ မှတ်ပုံတင်ကာအမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် (၄၅၇/၂၀၁၉)အရ တရားဝင်ပိုင်ဆိုင်လာ၍ ဒေါ်မြင့်မြင့်ရီ ပါ(၄)ဦးမှ နှစ်ရှည်မြေငှား ဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာခြင်းအပေါ်ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရတနာမဥ္ဇူမေ့မ္မရိပ်သာ

**ဝါတွင်း (၃)လ၊ ရက် (၉၀) အထူးတရားစခန်း ဖိတ်ကြားအပ်ပါသည်။**

- လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် လယ်တီကမ္မဋ္ဌာနာစရိယ ဒေါက်တာအရှင် ဇေယျာနန္ဒ (ပုဂံ) ဦးဆောင်ဖွင့်လှစ်ခဲ့သော ဝါတွင်းရက် ၉၀ တရားစခန်းကို ဘဒ္ဒန္တပညာဇောတ လယ်တီကမ္မဋ္ဌာနာစရိယ ဆရာတော်မှ ဦးဆောင်၍ အရှင်ရေဝတ(မုပ္ပလင်)၊ အရှင်အဂ္ဂဉာဏ(ကနီ)နှင့် အရှင်တိက္ခသာရ ပျော်ဘွယ်ဆရာတော် အရှင်သူမြတ်တို့မှ ဆက်လက်၍ ဖွင့်လှစ်သွားပါမည်။

(အဌမ)အကြိမ်မြောက် ဝါတွင်း (၃)လ၊ ရက် ၉၀အထူးတရားစခန်းပွဲကြီးကို (၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၁၄ရက်၊ ၁၅-၇-၂၀၁၉ရက်၊ ညနေမှ (၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက်) (၁၄-၁၀-၂၀၁၉) ရက် နံနက်အထိ ရက် ၉၀ တရားစခန်းကြီးကို ဖွင့်လှစ်ကျင်းပပါမည်။

တရားဝင်လိုသော ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီတို့သည် မှတ်ပုံတင်နှင့် မိမိတို့အသုံးအဆောင်အပစ္စည်းများကို ယူဆောင်၍ ရတနာမဥ္ဇူမေ့မ္မရိပ်သာသို့ (၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၁၄ရက်) ၁၅-၇-၂၀၁၉ရက်၊ ညနေ ၄း၀၀ နာရီကို နောက်ဆုံးထား၍ သတင်းပို့လာရောက်ရပါမည်။

**အိပ်ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးတို့ကို ယူလာရပါမည်။**
**ယောဂီစာရင်းများကို ကြိုတင်လက်ခံနေပါပြီ**

| | | |
|---|---|---|
| ၁။ | အရုဏ်ဆွမ်း | ကျပ် ၃၀၀၀၀/- |
| ၂။ | နေ့ဆွမ်း | ကျပ် ၅၀၀၀၀/- |
| ၃။ | အချိုပွဲ | ကျပ် ၂၅၀၀၀/- |
| ၄။ | အအေး | ကျပ် ၁၀၀၀၀/- |
| ၅။ | ဓမ္မပူဇာ | ကျပ် ၁၀၀၀၀/- |
| ၆။ | ရေ၊ မီး | ကျပ် ၅၀၀၀/- |

**တစ်နေ့တာဆွမ်းအလှူငွေ ကျပ် ၁၃၀၀၀၀/-**

**ဆက်သွယ်ရန်**
**ဆရာတော်**
**ဖုန်း-၀၉-၅၁၉၇၀၂၇၊**
**၀၉-၇၆၆၅၈၈၃၂၆၊**
**၀၉-၅၃၆၈၄၀၆၊ ၀၉-၇၉၅၄၄၃၂၆၄**
**အကျိုးတော်ဆောင်**
**၀၁-၉၆၆၃၈၀၂**

**အကျိုးတော်ဆောင်အဖွဲ့**
**ရတနာမဥ္ဇူမေ့မ္မရိပ်သာ**
**(၂)လမ်း၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်**

**နှစ်သက်ရာတတ်စွမ်းသမျှ လှူဒါန်းနိုင်ပါသည်။**

## ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်

## အကြောင်းကြားစာ

**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၉ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၄**

| | | |
|---|---|---|
| ဦးကောင်းဝေအောင် | နှင့် | ၁။ ဒေါ်တင်တင်ဝင်း |
| | | ၂။ ဒေါ်အေးအေးမိုး |
| **ပြင်ဆင်မှုလျှောက်ထားသူ** | | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

မြောင်းမြခရိုင်တရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၇/၂၀၁၉ ၏ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်စွဲပါ အမိန့်နှင့်ထုံးပုံကျကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ (၂) ဒေါ်အေးအေးမိုး၊ (၇)လမ်း၊ ကံကော်မြိုင်ရပ်ကွက်၊ မြောင်းမြမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မြောင်းမြခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် အမိန့်နှင့်ထုံးပုံကျ အမိန့်ကို ဦးကောင်းဝေအောင်မှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၉ ခုနှစ် ဇူလိုင် ၃၀ရက် (၁၃၈၁ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်)တွင်ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ဝင်းဝင်းနိုင်)**
**ဒုတိယညွှန်ကြားရေးမှူး**
**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

## မိဘအမည်မှန်

မြင်းမူမြို့နယ်၊ ပဲတောင်းကျေးရွာ အလကမူလွန် အမှတ် (၁)မှ မေခွာညို(ခ)ခိုင်ပွင့်သဲ၏ မိဘအမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၉/အမရ(နိုင်)၁၄၀၅၇၄ နှင့် ဒေါ်အေး ၉/ဇဗသ(နိုင်)၀၀၉၀၁၃ ဖြစ်ပါကြောင်း။

## အမည်မှန်

မြင်းမူမြို့နယ်၊ ပဲတောင်းကျေးရွာ အလကမူလွန် အမှတ် (၁) ဆဋ္ဌမတန်းမှ ဦးထွန်းထွန်းဝင်း ၉/အမရ(နိုင်)၁၄၀၅၇၄ ၏သမီး မေခွာညို၏ အမည်မှန်မှာ မခိုင်ပွင့်သဲ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

အထက(၂)ကမာရွတ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် Grade(6) တန်းခွဲ (H)မှ (ဘ)ဦးဇော်မင်းလတ်၏သား မောင်ကောင်းကောင်းအား ယနေ့မှစ၍ မောင်ဟိန်းထွန်းရာဇာဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းထွန်းရာဇာ**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထက(မောင်းမကန်)၊ နဝမတန်း (C)မှ မောင်ထက်နိုင်ထွန်း၏ဖခင် ဦးအောင်စိုး၏ အမည်မှန်မှာ ဦးဆန်းဆန်းဝင်း ၆/လလန(နိုင်)၀၇၅၀၅၃ ဖြစ်ပါကြောင်း။

**ဦးဆန်းဆန်းဝင်း**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အထက (၂)ထားဝယ်၊ သတ္တမတန်း(C)မှ မဌေးအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစံသိန်း ၆/လလန(နိုင်) ၀၉၅၈၅၄ ဖြစ်ပါကြောင်း။ **ဦးစံသိန်း**

## မိဘအမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ မြန်မာပအော့ကျေးရွာအုပ်စု၊ မူလွန်ဆီတောကြီးကျောင်း၊ သတ္တမတန်းမှ မောင်အောင်ဇော်လင်း၏ မိဘအမည်မှန်မှာ ဦးရဲနိုင် ၆/သရခ(နိုင်)၀၇၉၃၁၀ နှင့် ဒေါ်မိုးသစ်ချို ၆/သရခ(နိုင်)၀၆၂၈၂၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၅၀၉၄ xinguan xy 200 ZH သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော် ၁၂/မဘန(နိုင်) ၀၉၁၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၁၂၃၉ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြဦး ၆/မအရ(နိုင်)၀၄၄၀၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၆၃**

| | | |
|---|---|---|
| ဒေါ်မူမူစိန် | နှင့် | ဦးသန်းဇော် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၁) လမ်း၊ အခန်းအမှတ် (၁၁/ဘီ) (မှန်ခန်း)နေ တရားပြိုင် ဦးသန်းဇော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၅ ရက် (၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းကေသီဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ ဦးပိုင် ၅၄၊ ၀ဒသမ ၀၆၇ဧကရှိ ဦးဘာဆူဒီရှားမား အမည်ပေါက် မြေကွက်အား ဒေါ်ခင်မြင့် ၁/ဗမန(နိုင်)၀၂၀၇၀၇ က တရားဝင်ဝယ်ယူချုပ်ဆို ပိုင်ဆိုင်ခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း၊ မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်မြင့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၂၅/သာဇီအနောက်၊ ဧရိယာ ၀ဒသမ၁၀၆ဧကရှိဦးကျော်အေး(ဇနီး)ဒေါ်သိန်းညွန့် အမည်ပေါက် ဘိုးဘပိုင်မြေကွက် ဦးပိုင်အမှတ်(၁၀၇) အား အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့် တင်ပြရန်အတွက် ဦးစိုးမြင့်သိန်း(ဘ) ဦးကျော်အေး ၉/ပမန(နိုင်)၀၁၀၃၄၄နှင့် ဒေါ်သူဇာကျော်(ဘ)ဦးကျော်အေး ၉/ပမန(နိုင်)၀၁၀၃၄၃ တို့မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄/၁၉၈၃)၊ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၇၈/၂၀၁၉)၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့ အရှေ့စုရပ်ကွက်၊ မြို့ရှေ့ရပ်၊ ကွင်း/အကွက် အမှတ် (၉)၊ ဦးပိုင်အမှတ် (၃၃)၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံထောင့်ရှိ ကျွန်တော် ဦးခင်မောင်ဝင်း ၃/ဘအန(နိုင်)၀၁၃၇၂၄ ပိုင်ဆိုင်သည့် မြေကွက်အမှတ်(၆၀)မှ ၇၈'×၄၂ ½' (မြေကွက်တစ်ဝက်)အား ရောင်းချမည်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဝင်း(ပိုင်ရှင်) ၃/ဘအန(နိုင်)၀၁၃၇၂၄**
**အရှေ့စုရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၉)၊ မြို့ရှေ့ရပ်၊မိုးညှင်းမြို့**
**ဖုန်း-၀၉-၂၆၅၂၃၁၀၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ် (၇၀)ဦးပိုင် (၈/၃)၊ ၀ဒသမ၀၇၃ဧက ဒေါ်သစ်ခင်အမည်ပေါက် မြေကွက်အား ဦးမြင့်သန်း(ခ)ဟူဟန်ကျင် ၁/ဗမန(နိုင်)၀၄၁၀၈၇ က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမြင့်သန်း(ခ)ဟူဟန်ကျင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် (၁၉) ဦးပိုင် (၂၁၀)၊ ၀ဒသမ၀၅၅ဧက ဦးထွန်းခင်အမည်ပေါက်မြေကွက်အား ဦးမြင့်သန်း(ခ) ဟူဟန်ကျင် ၁/ဗမန(နိုင်)၀၄၁၀၈၇၊ ဦးသန်းမောင်(ခ)ဟူရှင်လီ ၁/ဗမန(နိုင်)၀၄၁၀၈၆ တို့က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမြင့်သန်း(ခ)ဟူဟန်ကျင် ပါ-၂**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၂၅)ဦးပိုင် (၂၇)၊ ၀ဒသမ၀၅၁ဧက ဒေါ်ခင်စိန်အမည်ပေါက် မြေကွက်အား ဦးသန်းနိုင်ထွန်း ၁/ဗမန(ဧည့်)၀၀၀၁၇၇၊ ဦးမျိုးဇော်ထွန်း ၁/ဗမန(ဧည့်)၀၀၀၁၇၆၊ ဦးထွန်းထွန်းမြင့် ၁/ဗမန(ပြု)၀၀၀၃၀၀၊ ဦးမင်းမင်းထွန်း ၁/ဗမန(ပြု)၀၀၀၃၀၁တို့က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အမည်ပြောင်း မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးသန်းနိုင်ထွန်း ပါ-၄**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၁၆) ဦးပိုင် (၁၇/၃)၊ ၀ဒသမ၀၇၃ဧက ဦးစန်းလွင်-ဒေါ်မြတ်မြတ်သန်း အမည်ပေါက် မြေကွက်အား ဦးမြင့်သန်း(ခ) ဟူဟန်ကျင် ၁/ဗမန(နိုင်)၀၄၁၀၈၇၊ ဦးသန်းမောင်(ခ)ဟူရှင်လီ ၁/ဗမန(နိုင်)၀၄၁၀၈၆၊ ဒေါ်ပြုံးရင် ၉/မရမ(နိုင်)၀၇၄၇၀၄ တို့က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း မြေငှားဂရန် သစ်လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမြင့်သန်း(ခ)ဟူဟန်ကျင် ပါ-၃**

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး

### အပေါ်ရင်ပြင်တော်ပတ်လမ်းအား Natural Clay အလှဆင်အုတ်များခင်း၍ အဆင့်မြင့်ပြုပြင်မွမ်းမံပူဇော်မှုလုပ်ငန်းအလှူခံနိူးဆော်လွှာ

မြတ်စွာဘုရားရှင်၏ဓါတ်တော်များ၊ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝက ရဟန္တာမြတ်ကြီး(၂)ပါးတို့၏ ဓါတ်တော်များကိန်းဝပ်စံပယ်တော်မူရာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ အပေါ်ရင်ပြင်တော်ပတ်လမ်းအား Natural Clay အလှဆင်အုတ်များခင်း၍ အဆင့်မြင့်မွမ်းမံပူဇော်ရန်ဆောင်ရွက်လျက်ရှိရာ လမ်းဧရိယာ (၁၃၉) ကျင်းခန့်အတွက် ငွေကျပ် (၉၄၂)သိန်းခန့်ကျသင့်ပြီး (၁-၇-၂၀၁၉)ရက်မှ (၃၁-၈-၂၀၁၉)ရက်အတွင်းအပြီးဆောင်ရွက်မည်ဖြစ်ပါသဖြင့် သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် တစ်စတုရန်းပေလျှင် ၆၀၀၀ိ/-၊ ၁၀ စတုရန်းပေလျှင် ၆၀၀၀၀ိ/-၊ ၂၀ စတုရန်းပေလျှင် ၁၂၀၀၀၀ိ/-၊ ၁၀၀ စတုရန်းပေ(၁ ကျင်း)လျှင် ၆၀၀၀၀၀ိ/-နှုန်းဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အဆင့်မြင့်လမ်းပြုပြင်မွမ်းမံမှုအလှူတော်အားပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ကြပါကြောင်း ၊ ငွေကျပ် တစ်သိန်းနှင့်အထက်အလှူရှင်များကို အလှူရှင်စာရင်းဖော်ပြ၍ (ကြေးမုံ)သတင်းစာတွင် အလှူရှင်ဂုဏ်ပြုကြော်ငြာထည့်သွင်းပေးမည်ဖြစ်ပါကြောင်း လှူဒါန်းလိုပါက စေတီတော်ဂေါပကရုံး အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ ရိုသေလေးစားစွာ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ ၀၁ ၆၆၀၀၀၂၊ ၀၁ ၆၆၃၁၄၆၊ ၀၁ ၆၆၅၄၂၅၊ ၀၉ ၂၅၀၆၇၇၂၈၉

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့

## စစ်ကိုင်းရွှေဟင်္သာစံကျောင်း ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

(၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်ကြပါရန် စစ်ကိုင်းရွှေဟင်္သာစံကျောင်း ဒါယကာ၊ ဒါယိကာမများအား လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်-

**နေ့ရက်** - ၂၀၁၉ခုနှစ် ဇူလိုင် ၂၁ရက် (တနင်္ဂနွေနေ့) ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ရက်

**အချိန်** - နံနက် ၉း၀၀နာရီ

**နေရာ** - ရွှေဟင်္သာဆရာတော်ကြီး အထိမ်းအမှတ်ဓမ္မာရုံ၊ စစ်ကိုင်းရွှေဟင်္သာစံကျောင်း အမှတ်(၁၉/က)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၂၃၃၁၀၅၀

**ဥပါသကာအဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီး ပအိုဝ်း (PA-OH) အမျိုးသားဓမ္မာရုံ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဓာနနာယကပအိုဝ်းဆရာတော်ကြီးများအား အမှူးထား၍ အမှတ်၃၈၊ ဗဟန်း ၁လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ ပအိုဝ်း (PA-OH) အမျိုးသားဓမ္မာရုံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို (၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၁၃ရက်) ၁၄-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီမှစ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးခွန်လှကျော် ဖုန်း-၀၁-၃၈၀၈၉၇၊ ၀၁-၃၇၃၁၇၀ ပအိုဝ်း(PA-OH) အမျိုးသားဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ပအိုဝ်း (PA-OH) အမျိုးသားဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**

**ဖုန်း-၀၁-၃၈၀၈၉၇၊ ၀၁-၃၇၃၁၇၀**

## မဟာဗောဓိပရိယတ္တိစာသင်တိုက် (၄၁)ကြိမ်မြောက်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များအားပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၌ ဝါကပ်တော်မူကြကုန်သော သံဃာတော် ၃၈၀ပါးနှင့်ပင့်သံဃာတော်တို့အား မဟာဗောဓိပရိယတ္တိသာသနာပြုအသင်းက ဦးဆောင်၍ ဒါယကာ/ဒါယိကာမများစုပေါင်းကာ ၁၃၈၁ခုနှစ် ဝါဆိုလဆန်း ၁၃ရက်၊ ၁၄-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် စာအောင်သံဃာတော်များအား ပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

**မဟာဗောဓိပရိယတ္တိစာသင်တိုက်**

## ဝါဆိုဦး(၂)ညအိပ်(၃)ရက် အထူးရက်တိုတရားအားထုတ်ပွဲ

ရန်ကုန်-မန္တလေး နေပြည်တော်၊ အမြန်လမ်းသစ်၊ မိုင်တိုင် ၆၀/၀ ရန်ကြီးအောင်တောရ ဓမ္မရိပ်သာကြီး၌ စုပေါင်း၍ ဝါဆိုဦးတရားအားထုတ်ပွဲကို (၂)ညအိပ် (၃)ရက်ကျင်းပပါမည်။ ကျေးဇူးရှင် မိုးညှင်းဆရာတော်ကြီး၏ ဦးပနိသယနည်းအတိုင်း မိုးညှင်းအရှင်ဣန္ဒက (ရွှေဘို)မှ ဦးဆောင်၍ ၁၃၈၁ခုနှစ်၊ ဝါဆိုလဆန်း(၁၁)ရက်မှ (၁၃)ရက်ထိ ၁၂-၇-၂၀၁၉ရက်မှ ၁၄-၇-၂၀၁၉ရက်အထိ ဝိပဿနာတရားတော်များကို စုပေါင်း၍ အားထုတ်ကြပါမည်။

